www.free4readers.com

ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

# ရာဇဝတ်သတင်း ဂျာနယ်

Crime News Journal

အတွဲ(၂၂)၊ အမှတ်(၄၇)

၅ ရက်၊ စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်

**ကူညီပါရစေ**

မြို့တော်အတွင်း ဒုစရိုက်သမားများအတွက် နေရာမရှိစေရ။
ပြည်သူလုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည်။
ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြပါ။
ထူးခြားမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်။

| | |
|---|---|
| ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ | - ၀၁၊ ၂၀၇၅၀၁၊ ၂၀၇၅၀၂၊ ၂၂၄၀၀ |
| ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ | - ၀၄၂ ၇၀၀၉၀၃၊ ၂၄၂၆၈၊ ၃၃၆၁၀၆ |
| ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ | - ၀၅၂ ၂၀၁၆၁၊ ၂၆၁၀၀၊ ၂၀၀၁၀ |
| မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ | - ၀၆၃ ၆၄၀၂၀၊ ၆၄၀၂၃၊ ၆၄၀၂၆ |
| မွန်ပြည်နယ် ရဲတပ်ဖွဲ့ | - ၀၅၇ ၀၅၆-၂၁၀၄၂၊ ၀၅၆-၂၁၄၇ |

## ကျွန်မရဲ့ရင်နာချက်ကတော့ အင်တာနက်မှာတွေ့ခဲ့တဲ့ ရည်းစားက လူပျိုဆိုပြီး ပြောလို့ယူခဲ့တဲ့လူကို အရေးယူပေးပါလာတိုင် စစ်တော့ အဖြစ်ကမှန်နေလို့ ထောင်(၆)နှစ်ချ PAGE 7

## ကျူရှင်နောက်ကျသွားလို့ စက်ဘီးပတ်စီးနေတဲ့ အသက်(၁၇)နှစ်အရွယ် မိန်းကလေးကို လူငယ်နှစ်ဦးက အရက်တိုက်၍ အဓမ္မပြုကျင့် PAGE 24

## အရက်အတူသောက်ပြီး လူနှစ်ယောက်က ကြိုးနဲ့ချည်ပြီး ဓားနဲ့ထိုးသတ်သွားမှု တိုက်ကြီးမှာဖြစ်ပွား PAGE 5

## လူသားစစ်စစ်တွေ အိမ်ခြေရာခြေမဲ့တွေရှိနေသလို လူ့ဘဝကနေ တခြားဘဝကို ရောက်သွားကြတဲ့ ဝိညာဉ်ဖြစ်နေကြသူ အချို့လည်း အိမ်ခြေရာခြေမဲ့တွေဖြစ်နေကြသတဲ့ PAGE 25

## ဆိုင်ကယ်ငှားစီးရာက လူပျိုပါပြောလို့ ယုံပြီး ညားပြီးကာမှ လူပျိုမဟုတ်မှန်းသိလို့ အပျိုကြီးတစ်ယောက် ရုံဝန်းရောက်ပြီး အမှုလာဖွင့်သတဲ့ PAGE 8






## ရဲတပ်ကြပ်တစ်ဦး၏ဇနီးအား သတ်သွားသူကို ဖမ်းပြီး စစ်လိုက်တော့ ခိုးဖို့သွားရာက ပက်ပင်းတိုးမိပြီး လက်လွန်သွားလို့ အလောင်းကို ပွေ့ချီပစ်ထားခဲ့ကြောင်းပြော PAGE 17

## လူသူမနီးတဲ့ယာခင်းတဲမှာ အရက်မူးလာတဲ့ တစ်ရွာတည်းသားက လင်ရှိ ကလေးအမေကို ကာမဘီလူးစီးသွားတဲ့ဖြစ်ရပ် PAGE 23

PAGE 26

## အင်းတော်မြို့နယ်အတွင်းရှိ တရားမဝင် သစ်စက်အား စာတ်ပုံသွားရိုက်သူ ခေါင်းဖြတ်သတ်ဖြတ်ခံရ






Mya Reg: 2106AA1144

PAD GINVIMIN

NATURAL KOREA GINSENG EXTRACT
LECITHIN, ALOE EXTRACT
MULTI VITAMIN
MINERAL

စွမ်းအားမြှင့်တင် ဂျင်ဗီမင်

ကိုရီးယားဂျင်ဆင်း
လက်စီသင်
ရှားစောင်းလက်ပတ်
ဗီတာမင် နှင့် သတ္တုဓါတ်
အမျိုးပေါင်း(၂၀)ကျော် ပါဝင်သည်။

အရွယ်ရောက်သူ ကျား၊ မ မရွေး•
သက်ကြီးရွယ်အိုများအားလုံး သောက်သုံးနိုင်ပါသည်။



YANGON : No. G 31-33, East Aung San Stadium, Mingalar Taung Nyunt Township. Tel : 09 4286 21266, 09 7986 21266, 09 4430 18855
MANDALAY : No. B-3 (2), 62 Street, Industrial Zone (1), Pyay Gyi Tagon Township. Tel : 02-5154694, 09 91016515, 09 20 60017

www.free4readers.com

# ထွန်းထားတဲ့မီးသီးခေါင်းနဲ့တိုက်မိကွဲသွားစဉ် ရုတ်တရက်ကိုင်လိုက်မိရာမှ ဓာတ်လိုက်သေဆုံးမှု ဒဂုံဆိပ်ကမ်းတွင်ဖြစ်ပွား

၁၇-၈-၂၀၁၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲအချိန်ခန့်တွင် ဒုရဲအုပ် ဇော်မင်းထက်၊ ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းမှူး တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ မြတ်နိုးသူသဘောကျင်း ဝင်းတွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးသွားကြောင်း သတင်းအရ ရဲအုပ် တင်နိုင်ဇော် (ခေတ္တ) မြို့မစခန်းမှူးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးမောင်ဇော်(၃၉)နှစ်၊ ဝရိန်ဆော်၊ မြတ်နိုးသူသဘော ကျင်းဝင်း၊ ကမ်းနားလမ်း၊ (၉၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေသူဖြစ်ပြီး ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ဓာတ်လိုက်သေဆုံးသည့်လက္ခဏာဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရ၍ စုံစမ်းမေးမြန်းရာ သေဆုံးသူ ဦးမောင်ဇော်သည် ဆောက်လက်စ သင်္ဘောဝမ်းဗိုက်အတွင်းသို့ ဝရိန်ဆော်ရန်သွားရာမှ သင်္ဘောဝမ်းဗိုက်အတွင်း အလင်းရောင်ရရန် ထွန်းထားသော လျှပ်စစ်မီးသီးအား ဦးခေါင်းနဲ့ တိုက်မိပြီး မီးလုံးကွဲသွားသဖြင့်မီးသီးအား ကိုင်လိုက်စဉ် လျှပ်စစ် ဝင်နေသော မီးသီးခေါင်းမှတစ်ဆင့် ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် သေဆုံးသူ၏ အလောင်းအား သယ်န်းကျွန်း(စံပြ)ဆေးရုံသို့ PR-84 ဖြင့် လက်ခံစစ်ဆေးလျက်ရှိ၏။

သေဆုံးမှုနှင့်ပတ်သက်၍ ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၂၆/၂၀၁၈)ဖြင့် အမှုဖွင့်ပြီး အမှုစစ် ရဲအုပ်တင်နိုင်ဇော် (ခေတ္တ)မြို့မစခန်းမှူးမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်စိုးဦး

# ကျွန်မရဲ့ရင်နာချက်ကတော့ အင်တာနက်မှာတွေ့ခဲ့တဲ့ ရည်းစားက လူပျိုဆိုပြီး ပြောလို့ယူခဲ့တဲ့လူကို အရေးယူပေးပါလာတိုင် စစ်တော့ အဖြစ်ကမှန်နေလို့ ထောင်(၆)နှစ်ချ

**အင်တာနက်ပေါ်ကအချစ် တော်ကြာ တစ်မျိုး ခုတစ်မျိုး အမျိုးမျိုးကြားနေရာမှ ခုလည်း ကြားရပြန်ပြီ။ အင်တာနက်လိုင်းပေါ်မှတစ်ဆင့် တွေ့ဆုံစကားပြောဆိုကြရာမှ ချစ်ကြိုက်ကြပြီး လက်ထပ်ပေါင်းသင်းမှုများ ရှိနေကြောင်း သိရှိရသည်။**

အင်တာနက်လိုင်းမှတစ်ဆင့် တွေ့ဆုံကြသဖြင့် တစ်ယောက်အကြောင်းတစ်ယောက် ဂဃနဏမသိကြဘဲ အိမ်ထောင်ရှိသူက မိမိကိုယ်မိမိ လူပျိုဟု ယုံကြည်အောင်ပြောဆိုစည်းရုံးသဖြင့် မိန်းမသားဘက်မှ အသေအချာစုံစမ်းခြင်းမပြုဘဲ လက်ခံပေါင်းသင်းပြီးသည့်နောက်တွင် မိမိယူခဲ့သည့်အမျိုးသားမှာ အိမ်ထောင်ရှိကြောင်း သိရှိရသောကြောင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေအရ အမှုဖွင့်တိုင်ကြားမှုများ မကြာခဏကြားလာရ၏။



ယခုလည်း ကသာမြို့နယ်၊ လေ့ဘိုကျေးရွာတွင်နေထိုင်သူ မိန်းမပျိုလေးတစ်ဦးအား ထီးချိုင့်မြို့နယ်တွင် နေထိုင်သည့်အမျိုးသားတစ်ဦးက လူပျိုဟုယုံကြည်အောင်ပြောဆိုကာ ခိုးယူပေါင်းသင်းပြီးနောက် ထိုအမျိုးသားမှာ ကလေးနှစ်ယောက်အဖေ အိမ်ထောင်ရှင်တစ်ဦးဖြစ်ကြောင်း သိရှိရသဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့ရာ ကသာမြို့နယ်တရားရုံးက တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၃ အရ အလုပ်နှင့် ထောင်ဒဏ်(၆)နှစ် ကျခံစေရန် ၁၀-၈-၂၀၁၈ ရက်နေ့က အမိန့်ချမှတ်လိုက်ကြောင်း သိရ၏။

ထိုဖြစ်စဉ်မှာ မ×××(၂၂)နှစ်သည် ကသာမြို့နယ်၊ လေ့ဘိုကျေးရွာတွင်နေထိုင်သော အပျိုတစ်ဦးဖြစ်ကြောင်း သိရ၏။ ၂၀၁၈ ခုနှစ် ဇွန်လနောက်ဆုံးပတ်အတွင်းက ထီးချိုင့်မြို့နယ်၊ ကမ်းနီကျေးရွာနေ စိန်ဝင်းမောင်(၂၂)နှစ်က ၎င်းထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး ၎င်းသည် အိမ်ထောင်မရှိ လူပျိုတစ်ဦးဖြစ်ကြောင်း မိတ်ဆက်ပြောဆိုခဲ့သည်။ နောက်ပိုင်းကာလတွင် မ×××အား ချစ်ကြိုက်ကြောင်း ပြောဆိုခဲ့သဖြင့် မ×××က စိန်ဝင်းမောင်၏ ချစ်ခွင့်ပန်မှုကို လူချင်းမတွေ့ရသေးခင်မှာ လက်ခံလိုက်၏။

ရည်းစားဘဝမှ လင်မယားအဖြစ် ၃-၇-၂၀၁၈ ရက်နေ့၊ ည ၈ နာရီခန့်တွင် ကသာမြို့နယ်၊ လေ့ဘိုကျေးရွာနေအိမ်၌ မ××××တစ်ဦးတည်းရှိနေစဉ် စိန်ဝင်းမောင်ရောက်ရှိလာပြီး ၎င်းသည် လူပျိုတစ်ဦးဖြစ်ကြောင်းနှင့် သားမှတ်မှတ်မယားမှတ်မှတ် ပေါင်းသင်းမည်ဟုပြောဆိုကာ မ×××နှင့် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ် ဆက်ဆံနေထိုင်ခဲ့ပြီး စိန်ဝင်းမောင်သည် ညတွင်းချင်းပင် ကမ်းနီကျေးရွာသို့ ပြန်သွားခဲ့ပြီး နောက်တစ်နေ့ ၄-၇-၂၀၁၈ ရက်နေ့ နံနက် ၉ နာရီခန့်တွင် ပြန်ရောက်ရှိလာပြီး မ×××အား ဆိုင်ကယ်ဖြင့် တကောင်းမြို့ရှိ ၎င်း၏ဝမ်းကွဲအစ်မများနေထိုင်သည့် အိမ်သို့ ခေါ်ဆောင်သွားခဲ့သည်။

တကောင်းမြို့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြပြီးနောက် ၅-၇-၂၀၁၈ ရက်နေ့တွင် စိန်ဝင်းမောင်က မ×××အား လေ့ဘိုကျေးရွာသို့ ဆိုင်ကယ်ဖြင့် ပြန်ပို့ပြီးနောက် ထီးချိုင့်မြို့နယ်၊ ကမ်းနီကျေးရွာသို့ ခေတ္တပြန်ဦးမည်ဟု ပြောဆိုပြန်သွား၏။

ထို့နောက် စိန်ဝင်းမောင်၏ နောက်ကြောင်းရာဇဝင်အား လိုက်လံစုံစမ်းခဲ့ရာ စိန်ဝင်းမောင်သည် ထီးချိုင့်မြို့နယ်၊ ချိပ်သင်ကျေးရွာတွင်နေထိုင်သူ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြီး သမီးနှစ်ဦးရှိသည့် အိမ်ထောင်ရှင်တစ်ဦးဖြစ်ကြောင်း သိရှိသွားသဖြင့် မ××××က တရားလို ပြုလုပ်ပြီး လူပျိုဟု လိမ်ညာပြောဆိုကာ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင် ဆက်ဆံခဲ့သူ စိန်ဝင်းမောင်အား ဥပဒေအရ အရေးယူပေးရန် အင်းရွာကျေးရွာနယ်မြေ ရဲစခန်းသို့ ၇-၇-၂၀၁၈ ရက်နေ့တွင် အမှုဖွင့်တိုင်ကြားလိုက်ရာ စခန်းမှု(ပ)၃၅/၂၀၁၈၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၃ အရ အမှုဖွင့်ပြီး စိန်ဝင်းမောင်အား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရ၏။

အင်းရွာနယ်မြေရဲစခန်းက အမှုကို ပြည့်စုံခိုင်မာအောင် တည်ဆောက်ပြီးနောက် ရဲစွဲချက် ၄၄/၂၀၁၈ ဖြင့် ၃-၈-၂၀၁၈ ရက်နေ့တွင် တရားစွဲတင်ပို့ခဲ့ရာ ကသာမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် (၃၂၄/၂၀၁၈)ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

တရားလိုပြ သက်သေများအား စစ်ဆေးပြီး ၁၀-၈-၂၀၁၈ ရက်နေ့ စွဲချက်တင်သည့် အဆင့်၌ စိန်ဝင်းမောင်အား အပြစ်ရှိ/မရှိ မေးမြန်းရာ စိန်ဝင်းမောင်က အပြစ်ရှိကြောင်း ဝန်ခံသဖြင့် အလုပ်နှင့် ထောင်ဒဏ်(၆)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည့်အမှုဖြစ်ကြောင်း သိရ၏။

တကာဖ

❖ ❖ ❖



>>>စာမျက်နှာ(၆)မှအဆက်

သားခန့်ရှိ (၁)ကျပ်သားခန့်ရှိ (၁)ကွင်း၊ ရွှေဆွဲသီး(ရွှေကြုပ်)အလေးချိန် (၃)မတ်သားခန့်ရှိ (၁)ခု၊ ရွှေဆွဲပြား (အသည်းပုံစံ) အလေးချိန် ၁ ကျပ်သားခန့်ရှိ (၁)ခု ရွှေနားဆွဲ (ကမ္ဘာလုံးပုံစံ) အလေးချိန်(၅)မူးသားခန့်ရှိ (၁)ရံ၊ ဟန်းဆက်(၂)လုံး၊ ငွေကျပ်(၁၁၁၈၀၀၀၀)တို့ ရှာဖွေတွေ့ရှိခဲ့သဖြင့် ဖမ်းဆီးရေးအဖွဲ့မှ အသိသက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် စနစ်တကျသိမ်းဆည်းနိုင်ခဲ့၏။

အမှုမှ ပြစ်မှုကျူးလွန်သူ သန့်ဇင်ကျော်(၂၄)နှစ်ဆိုသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏နေအိမ်မှ သိမ်းဆည်းရမိခဲ့သည့် သက်သေခံပစ္စည်းများနှင့် ပျောက်ဆုံးနေအိမ်မှ တရားလို၏ အမှုဖွင့်တိုင်ကြားချက်၏ ပျောက်ဆုံးစာရင်းတွင်ပါရှိသည့် ရွှေနှင့်ငွေသားစာရင်း အနည်းငယ်မှာ ကွာဟနေသဖြင့် ဖမ်းဆီးရေးအဖွဲ့မှ ရဲလုပ်ငန်းများနှင့်အညီ တရားလိုမိသားစုဝင်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး ကျန်ရှိပစ္စည်းအချို့ ပြန်လည်သိမ်းဆည်းရမိစေရေးနှင့် အမှုပေါ်ပေါက်စေရေးအတွက် အမှုစစ် စခန်းမှူး ဒုရဲမှူး ကိုကိုလွင်မှ ရဲလုပ်ငန်းများနှင့်အညီ တရားခံ သန့်ဇင်ကျော်အား အမှုနှင့်ပတ်သက်၍ အသေးစိတ်အား ထပ်မံ၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရွှေကာသစ်(စမ်းချောင်း)



# ပန်းတောင်းလှည့်ကင်းအဖွဲ့က မသင်္ကာဖွယ် လူတစ်ဦးဖမ်းမိ

**ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဖောင်းကန်ရပ်ကွက်တွင် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် မသင်္ကာဖွယ်လူတစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း သတင်းရရှိသည်။**

ဖြစ်စဉ်မှာ ၈-၈-၂၀၁၈ ရက်နေ့ ည ၁၀ နာရီ ၅ မိနစ်အချိန်ခန့်တွင် ပန်းတောင်းမြို့နယ်၊ မြို့ပေါ်ရပ်ကွက်အတွင်းသို့ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်မင်းဦးနှင့်အဖွဲ့သည် သက်သေများဖြစ်ကြသော ဖောင်းကန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်၊ ကြခတ်ရပ်ကွက် ဆယ်အိမ်မှူး ဦးအောင်နိုင်ဝင်းတို့နှင့်အတူ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ဖောင်းကန်ရပ်ကွက် လမ်းမပေါ်တွင် တောင်ကုတ်ဘက်မှ ပန်းတောင်းဘက်သို့ ဆန်းမင်းဦး(၂၄)နှစ်၊ မင်းရပ်-ရပ်ကွက်၊ ပန်းတောင်းမြို့နေသူ မောင်းနှင်လာသော ၃ဂယ/××× JLM 110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်နှင့် မသင်္ကာဖွယ်တွေ့ရှိ၍ ရပ်တန့်စစ်ဆေးမေးမြန်းခဲ့ရာ ၎င်းမှာအထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် နေအိမ်အဆောက်အဦတစ်ခုခုအတွင်းမှ ခိုးယူလာသည်ဟု မသင်္ကာသဖြင့် သက်သေများဖြင့် သိမ်းဆည်းခဲ့သည်ဟု ဆို၏။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်အား ခိုးယူလာသည်ဟု မသင်္ကာဖွယ်တွေ့ရှိသူ ဆန်းမင်းဦးအား ဥပဒေအရ အရေးယူပေးပါရန် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်မင်းဦးက တရားလိုပြုလုပ်တိုင်တန်းပြီး အမှုအား ပန်းတောင်းမြို့မရဲစခန်းမှ (ပ)၈၀/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်ပြီး အမှုအား အမှုစစ် ဒုရဲအုပ် မျိုးဇော်မှ လက်ခံစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

စစ်ငြိမ်းသူ(ပန်းတောင်း)

❖ ❖ ❖

## မှုခင်းဟာသ

### နောက်ပိုးရှူး

"ဖျို့…ကိုမြင့်မား။ ခင်ဗျားတို့လမ်းထဲက ညနေရောက်ရင် ကိုယ်ပိုင်ကားလေးတစ်စီးကို မောင်းထွက်သွားလေ့ရှိတဲ့အမျိုးသမီးဟာ အတော်ဖြောင့်တာပဲ…"

"ဘာလဲ…မျက်စိကျပြန်ပြီလား မောင်ဦး၊ မင်းဟာကလည်း…'လှတာမြင်ရင် ချစ်ချင်သည်' ဆိုသလိုပါပဲလား"

"ဒါကတော့ဗျာ၊ ဝါသနာ ဘာဂီ ဆက်တိုင်းမီ ဆိုသလိုပေါ့။ ဒါထက်…သူက ဘာ အလုပ်လုပ်တာလဲဟင်"

"ဆရာဝန်လေကွာ…ညနေဆို သူ့ဆေးခန်းကို သူသွားထိုင်တာ"

"ဟာ…ဟုတ်လား။ ဒါဆို အတော်ပဲဗျာ။ ရောဂါဝေဒနာတစ်ခုခုနဲ့ အကြောင်းပြုပြီး သူ့ဆေးခန်းကို သွားမယ်ဗျာ။ အဲဒါခင်ဗျားလိုက်ပို့…"

"ပို့ဆိုလည်း…ပို့ရတာပေါ့ကွာ။ ဆေးခန်းရောက်မှတော့ ထွက်ပြေးနဲ့…"

"ဘာဖြစ်လို့ ပြေးရမှာလဲ…ကိုယ်စိတ်ဝင်စားတဲ့ ဆရာဝန်မလေးရဲ့ စမ်းသပ်မှု ခံရမယ့်ဥစ္စာ…"

"သေလိုက်ပါတော့…မောင်ဦးရာ။ အဲသည်ဆေးခန်းဟာ တိရစ္ဆာန် ဆေးခန်းကွ။ ဆရာဝန်မလေးဆိုတာ…တိရစ္ဆာန်ဆေးကု…"

"အဲ…တော်…တော်ပါတော့ဗျာ"

မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား

www.free4readers.com



ဥပဒေအသိပညာမရှိလျှင် ဥပဒေရဲ့ ကာကွယ်မှုကို မရနိုင်

# ဥပဒေ

အသိပညာပေးကဏ္ဍ

ဥပဒေအယ်ဒီတာ - မောင်ဉာဏ်စိန်(ညွှန်ကြားရေးမှူး-ငြိမ်း)၊ တရားရုံးချုပ်၊ တရားလွှတ်တော်ရှေ့နေ။

# ရှေ့တော်သွင်းစာချွန်တော်အမိန့် ဘယ်လိုလျှောက်ကြမလဲ(၂)

**ရှေ့တော်သွင်းစာချွန်တော်အမိန့် လျှောက်ထားရာတွင် သတိပြုရမည့်အချက်များ**

စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ နည်းဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်အရ ရှေ့တော်သွင်းစာချွန်တော်အမိန့်တောင်းခံသည့် လျှောက်ထားလွှာကို ချုပ်နှောင်ထားခြင်းခံရသူတစ်ဦးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းလျှောက်ထားရပါမယ်။ နည်းလမ်းတကျမှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်လျှောက်ထားလွှာတွင် ဖော်ပြပါရှိရပါမယ်။ မိမိအားမတရားချုပ်နှောင်ထားခြင်းအကြောင်း ပြည့်စုံစွာ ကျမ်းကျိန်လွှာမှာ ဖော်ပြရပါမယ်။ ချုပ်နှောင်ခံနေခြင်းကြောင့် ကျမ်းကျိန်လွှာမပြုလုပ်နိုင်ပါက အခြားသူတစ်ဦးက ပြုလုပ်သော အလားတူကျမ်းကျိန်လွှာပူးတွဲပါရှိရပါမယ်။

အတွေ့အကြုံအရတင်ပြရလျှင် ဖမ်းဆီးခံရသူရဲ့ အမည်၊ အဘအမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ အပြည့်အစုံ၊ လျှောက်ထားသူသည် ဖမ်းဆီးခံရသူနှင့် ဆွေမျိုးတော်စပ်မှု၊ ဖမ်းဆီးခံရသူအား ဖမ်းဆီးထားသောနေရာ၊ ဖမ်းဆီးသွားသည့်အချိန်၊ ဖမ်းဆီးချိန်ရှိနေသူများ၏ အမည်၊ နေရပ်လိပ်စာ၊ ဖမ်းဆီးခံရမှုမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ ဖမ်းဆီးခံရသူအား မည်သည့်ပြစ်မှုဖြင့် ဖမ်းဆီးခြင်းကို မသိရကြောင်း၊ ဖမ်းဆီးခံရသူသည် မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခဲ့သူမဟုတ်ကြောင်း၊ စာချွန်တော်အမိန့်အား ချက်ချင်းထုတ်ပေးရန်အခြေအနေပေါ်ပေါက်နေကြောင်း၊ မည်သည့်အတွက်ကြောင့် ဖမ်းဆီးခံရသူအနေဖြင့် ကိုယ်တိုင်ကျမ်းကျိန်လွှာမပြုလုပ်နိုင်သည့်အကြောင်း စသည်ဖြင့် ကျမ်းကျိန်လွှာတွင် ပြည့်ပြည့် စုံစုံဖော်ပြရန် လိုအပ်ပါတယ်။

လျှောက်ထားလွှာတွင် တင်သွင်းသူအား လျှောက်ထားသူအဖြစ် လည်းကောင်း၊ ချုပ်နှောင်ထားသူအား လျှောက်ထားခံရသူအဖြစ် လည်းကောင်း ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

လိုအပ်တဲ့ကျမ်းကျိန်လွှာ၊ စာရွက်စာတမ်းများပူးတွဲမတင်ပြထားတဲ့ လျှောက်ထားလွှာ၊ စာချွန်တော်လျှောက်ထားရမည့် အကြောင်းပြချက်များ၊ အကြောင်းအရာများ ကျမ်းကျိန်လွှာတွင် ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိဘဲ လျှောက်ထားလွှာများကို ညွှန်ကြားရေးမှူးချုပ်က တွက်ချက်ပြု၍ လျှောက်ထားလွှာကို ပြန်ပေးမှာဖြစ်တာကို သတိပြုရပါမယ်။

နည်းဥပဒေပုဒ်မ ၈ မှာ ပြည်ထောင်စုတရားလွှတ်တော်၊ တရားသူကြီးချုပ်သည် ရှေ့တော်သွင်းစာချွန်တော်အမိန့်ကို ချက်ချင်းထုတ်ပေးသင့်ကြောင်း တွေ့ရှိပါက ရှေ့တော်သွင်းစာချွန်တော်အမိန့်ကို ချက်ချင်းထုတ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

စာချွန်တော်အမိန့်ကို ချက်ချင်းထုတ်မပေးပါက ရှေ့တော်သွင်းစာချွန်တော်အမိန့်ကို မည်သည့်အတွက် ထုတ်မပေးသင့်ကြောင်း အကြောင်းပြစေရန် လျှောက်ထားခံရသူထံ ဆင့်စာချအပ်မှာဖြစ်ပါတယ်။ ယင်းဆင့်စာကို ချအပ်ပေးစေရန် လျှောက်ထားကြောင်း၊ လျှောက်ထားခံရသူအား အကြောင်းကြားစာပေးပြီး ရုံးတော်သို့ ပြန်လည်တင်ပြစေဟု ဆင့်ဆိုနိုင်ကြောင်း ဆင့်စာ သို့မဟုတ် အကြောင်းကြားစာကို လျှောက်ထားခံရသူထံဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ချအပ်ရန် ညွှန်ကြားသည့် အခြားသူများထံဖြစ်စေ၊ ချအပ်ရမည်ဖြစ်ကြောင်းနှင့်

> ဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ-ပဲခူး)
> အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂

ပြည်ထောင်စုရှေ့နေချုပ်ထံလည်းဆင့်စာ ဒါမှမဟုတ် အကြောင်းကြားစာပေးပို့ရပါမယ်။ ဆင့်စာ၊ အကြောင်းကြားစာမှာ လျှောက်ထားချက်တို့ ကြားနာမည့်ရက်ကို ဖော်ပြပါရှိရမည်ဖြစ်ကြောင်း နည်းဥပဒေပုဒ်မ ၉၊ ၁၀ တို့မှာ ပြဋ္ဌာန်းထားပါတယ်။

ဆင့်စာ သို့မဟုတ် အကြောင်းကြားစာကို လျှောက်ထားသူက တာဝန်ယူပြီး ပေးပို့ရမယ့်ကိစ္စဖြစ်ပါတယ်။ ပြည်သူတွေကြားမှာတော့ စာချွန်တော်အမှုတွေမှာ လျှောက်ထားသူဘက်က ကိုယ်တိုင်တာဝန်ယူပြီး သူတို့ လျှောက်ထားခံရသူတွေကိုရော၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက ချအပ်ရန်ညွှန်ကြားတဲ့ အခြားသူတွေကိုရော၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုရော၊ အတည်ပြုပေးပို့ရတာ၊ အခက်အခဲတွေ အများကြီး ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်လိုမြို့က လာလျှောက်တဲ့စာချွန်တော်အမှုမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးစိုက်တဲ့ နေပြည်တော်ကိုလာရတဲ့ခရီးစရိတ်၊ စည်ပင်ရိပ်သာမှာတည်းခိုရတဲ့စရိတ်၊ စားစရိတ်၊ ကယ်ရီခ၊ အပြန်ကားခတွေပေါင်းရင် တစ်ခေါက် တစ်ခေါက် ၁၀၀၀၀၀ ကျော်ရှိပါတယ်။ ဒါက ချိုးချိုးခြံခြံသုံးတာပါ။ ဆင့်စာအတွက် တင်လာရ မိတ္တူမှန်ကူးရ၊ အခြားစာချွန်တော်မှုများအတွက် သက်ဆိုင်ရာလျှောက်ထားခံရသူတွေရှိတဲ့ မြို့နယ်၊ ခရိုင်၊ တိုင်းရုံးတွေပို့ရ၊ အဲသည့်ရုံးရှိအရပ်တွေ သွားရလာရတဲ့ ခရီးစရိတ်အားလုံး ခရီးစရိတ်ပေါင်းရင် ၂၀၀၀၀၀ လောက် ကုန်ကျပါတယ်။ သွားရလာရတဲ့ ပင်ပန်းမှုတွေလည်း ရှိတာမို့ အခြားတရားမမှုတွေကို သင့်တော်တဲ့ ဆင့်စာခသွင်းဖို့နဲ့ ဆင့်စာခသွင်းပြီးရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ယူပြီး ဆင့်ဆိုပေးရင် ပိုပြီးမြန်ဆန်လာနိုင်သလို နိုင်ငံတော်လည်း အခွန်အခရ၊ ပြည်သူတွေလည်း ဆင်းရဲမပင်ပန်းကြတာမို့ နည်းဥပဒေကို ပြင်ပေးရင်ကောင်းမှာပဲလို့ အဖြစ်အမှန်ကို ရင်ဆိုင်ကြတဲ့ ပြည်သူတွေရဲ့ ရင်ထဲက မျှော်မှန်းတွေးဆ ပြောကြတဲ့စကားသံတွေလည်း ကြားခဲ့ရပါတယ်။

နောက်တစ်ဆင့်က ဆင့်စာအတည်ပြုပြီးရင် ချအပ်ခြင်းခံရသူက ပြန်ကြားအစီရင်ခံစာတင်ရတာပါ။ အဲသည့်ပြန်ကြားအစီရင်ခံစာမှာ ချုပ်နှောင်ထားခြင်းခံရသူကို ချုပ်နှောင်ထားသည့်အကြောင်းများကို စာချွန်တော်ပေါ်တွင် ထပ်ဆင့်ရေးသား၍ဖြစ်စေ၊ ပူးတွဲရေးသား၍ဖြစ်စေ၊ ဖော်ပြရပါမယ်။ ပြန်ကြားအစီရင်ခံစာကို ဦးစွာဖတ်ကြားမှာ ဖြစ်ပါတယ်။ ချုပ်နှောင်ထားခြင်းခံရသူကို လွှတ်ပေးရန်ဖြစ်စေ၊ ရမန်ပေးရန်ဖြစ်စေ၊ ပြန်ကြားအစီရင်ခံစာကို ပြင်ဆင်ရန်ဖြစ်စေ၊ လျှောက်ထားနိုင်ပါတယ်။

ပြည်ထောင်စုတရားသူကြီးချုပ်က ကိုယ်တိုင်သဘာပတိအဖြစ် ဆောင်ရွက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံး ဖွဲ့စည်းပြီး လျှောက်ထားမှုကို အပြီးသတ်ကြားနာပါတယ်။

**ချုပ်နှောင်ထားခြင်းခံရသူကို ခုံရုံးရှေ့ ပေးပို့ခြင်း**

ချုပ်နှောင်ထားခြင်းခံရသူကို စာချွန်တော်အတိုင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် ခုံရုံးရှေ့တင်ပို့ထားတဲ့အခါ ချုပ်နှောင်ထားခြင်းခံရသူကိုယ်တိုင် ဒါမှမဟုတ် ၎င်းရဲ့ရှေ့နေက လျှောက်လဲချက်ဦးစွာ ပေးရပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးတက်အဆင့်မနိမ့်သူက ချေပလျှောက်လဲချက်ပေးရပါတယ်။ ပြီးမှ ချုပ်နှောင်ထားခြင်းခံရသူ သို့မဟုတ် ၎င်းရဲ့ရှေ့နေက ပြန်လည်ရှင်းလင်းတင်ပြရန် ရှိပါက၊ ပြန်လည်လျှောက်လဲချက်ပေးရတာ ဖြစ်ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးက အပြီးသတ်လျှောက်လဲချက်ကြားနာပြီးနောက် ယင်းနေ့၌လည်းကောင်း၊ ရွှေ့ဆိုင်းချိန်းဆိုသည့်နေ့၌ လည်းကောင်း၊ စာချွန်တော်တော်လျှောက်ထားမှုနှင့်ပတ်သက်ပြီး အမိန့်တစ်ရပ်ချမှတ်ရမယ်လို့ ပါပါတယ်။ အပြီးသတ်လျှောက်လဲချက်ကြားနာပြီးတာနဲ့ တစ်ပြိုင်နက် အမိန့်ချရမယ်လို့ပါတာက၊ မတရားဖမ်းဆီးခံရတာ မတရားအချုပ်နှောင်ခံရတာတွေရှိရင် ရှေ့တော်သွင်းစာချွန်တော်ရဲ့ ရည်ရွယ်ချက်အတိုင်း အမြန်ဆုံးပြန်လည်ချုပ်အနှောင်ခံဘဝကို လွတ်နိုင်ဖို့ရည်ရွယ်ပြဋ္ဌာန်းထားတာပဲ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

**ဖတ်ရှုသင့်သော စီရင်ထုံးများ**

၁။ ဂျီအင်ဘာနာဂျီနှင့် အင်းစိန်အကျဉ်းထောင်တာဝန်ခံအရာရှိ (၁၉၄၈ BLR ၁၉၉ လွှတ်ချုပ်)

၂။ ဒေါ်ခင်တီနှင့် ဦးချမ်းသာ ၁၉၄၉ BLR ၁၉၃ လွှတ်ချုပ်)

၃။ လင်ပွေ့တင်နှင့် နယကပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေးကော်မတီ (၁၉၅၂ BLR စာ ၅၇ လွှတ်ချုပ်)

၄။ သက်ထွန်းနှင့် ခရိုင်ဝန် ၁၉၅၂ BLR ၃၃ လွှတ်ချုပ်)

**စာချွန်တော်အမိန့်ရပ်ဆိုင်းခြင်းကိစ္စ**

စာချွန်တော်ဥပဒေတွင် နိုင်ငံအတွင်းအရေးပေါ်အခြေအနေပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်ဟု ပါရှိပါတယ်။

အမေရိကန်နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်အတွင်း သူပုန်ထခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းမျိုးတွင် နိုင်ငံသားများ လုံခြုံရေးအတွက်မှတစ်ပါး ဖက်ဒရယ်ဖွဲ့စည်းပုံအရဖြစ်စေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအရဖြစ်စေ၊ စာချွန်တော်လျှောက်ထားမှုနှင့်ပတ်သက်၍ အထက်တွင် ဖော်ပြထားသော အချက်မှတစ်ပါး ရပ်ဆိုင်းထားခြင်းမပြုရလို့ ပြဋ္ဌာန်းပါရှိပါတယ်။ ရှေ့တော်သွင်းစာချွန်တော်၏ အထူးအခွင့်အရေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သည့်အာဏာပိုင်မဆို ဆုံးဖြတ်ရမည့်ကိစ္စရပ်တိုင်း ရပ်ဆိုင်းစေရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်စေရန် ဖြစ်ပါတယ်။

Exparte Zimmerman 132F 2nd 442: Fisher US Baker 203 U.S.174 : Exparte Caldwel 200 U.S 293

(ကိုးကား စာချွန်တော်၏အနှစ်သာရများ။ ဦးရီစိန် တရားလွှတ်တော်ရှေ့နေ)

International commission of Justice ဆိုင်ရာ လက်စွဲစာအုပ် "Page 27 ပါ ၂-၃-၂ အရေးပေါ်အခြေအနေဆိုတဲ့စာပိုဒ်မှာ အရေးပေါ်အခြေအနေများ" ဆိုတဲ့ စကားဟာ ခေတ်စားနေပြီး ယင်းပြဿနာဟာ ပြင်းထန်လာကြောင်း ရေးသားတင်ပြထားတာ ဖတ်ရှုရပါကြောင်း ဗဟုသုတအဖြစ်ရှာဖွေရေးသားတင်ပြလိုက်ရပါတယ်။ ပြည်သူများ ဗဟုသုတတိုးတက်ကြပါစေ။

ပြည်သူများ ဥပဒေဗဟုသုတ တိုးတက်ကြပါစေ။

ဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ)
အငြိမ်းစားဥပဒေအရာရှိအဆင့်-၂

# မသတီဖွယ် လီဆယ်မှုများ ပပျောက်ရေး

## ကြင်ဦးလူ

ရဲစခန်းမှူးဟာ မိမိထံ လာရောက်သတင်းပေးတဲ့ "ရဲအရေးပိုင်မှုနဲ့ စပ်လျဉ်းတဲ့ သတင်းပေးချက်တိုင်း" (Every information relating to the commission of a cognizable offence) ကို ခြွင်းချက်မရှိ အဆောတလျင် အမှုလက်ခံရေးဖွင့်ပေးရပါတယ်။ "သတင်းအချက်အလက်မပြည့်စုံလို့"၊ "သတင်းအချက်အလက် မှန်ကန်မှုအပေါ် သံသယရှိလို့"၊ "အမှုအကြောင်းကိုယ်တိုင် အပြည့်အစုံ သိရှိသူက တိုင်တာမဟုတ်လို့"အစရှိတဲ့ အကြောင်းပြချက်များဟာလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ ပါ ပြဋ္ဌာန်းချက်ကို မလွှမ်းမိုးနိုင်ပါဘူး။

သတင်းပေးတိုင်ချက်ကို နှုတ်နဲ့ပေးနိုင်ပါတယ်။ နှုတ်နဲ့မတိုင်လိုရင် စာနဲ့လည်း ရေးပေးနိုင်ပါတယ်။ စာနဲ့ရေးတိုင်တာ မဟုတ်လို့ စာနဲ့ရေးတိုင်မှ ဖွင့်ပေးမယ်ဆိုတဲ့ အကြောင်းပြချက်ဟာလည်း ဥပဒေနဲ့ဆန့်ကျင်ပါတယ်။

အဲဒီလို ရဲစခန်းမှူးထံပေးလာတဲ့ သတင်းပေးချက်တိုင်းကို ကန့်သတ်ချက်မရှိ အလွယ်တကူ လက်ခံရေးဖွင့်ပေးနေရတာကြောင့် ရဲစခန်းတိုင်းလိုလို အမှုအခင်းတွေဟာ ရှုပ်ထွေးများပြားလွန်းလှပါတယ်။ လူ့အဖွဲ့အစည်းကြီးထဲမှာ ကြုံတွေ့ကြရတဲ့ အမှုအခင်းတွေနဲ့ပတ်သက်ပြီး "အသက်တစ်ရာ မနေရပေမဲ့ အမှုတစ်ရာကြုံရတယ်"လို့ ဆိုရိုးပြုကြလေရဲ့။ အဲဒီလိုကြုံရတဲ့ အမှုများအနက် ရဲစခန်းရောက်ရတဲ့ အမှုကလည်း အများသားကိုး။

အဲဒီတော့ ရဲစခန်းမှာ တိုင်သမျှ သတင်းပေးချက်တိုင်းကို လက်ခံရေးဖွင့်ပြီး ကျင့်ထုံးပုဒ်မ ၁၅၆ နဲ့ ၁၅၇ အရ လိုအပ်သလို စုံစမ်းထောက်လှမ်းမှု ဆောင်ရွက်ပြီးနောက် အမှုအားလုံးကို ရာနှုန်းပြည့် တရားစွဲတင်ပို့နိုင်တာမျိုးတော့ ဘယ်မှာလာပြီး ရှိနိုင်ပါ့မလဲ။ တရားစွဲတင်ပို့နိုင်ခြင်း မရှိတဲ့တချို့သော အမှုတွေကို ကျင့်ထုံးပုဒ်မ ၁၇၃ အရ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပိတ်သိမ်းကြရလေ့ ရှိပါတယ်။ အဲဒီအမှုတွေကို ရဲစခန်းမှတ်ပုံတင် ၂၃ မှာ မှတ်တမ်းထိန်းသိမ်းထားရပါတယ်။

ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်းအရ အမှုပိတ်သိမ်းခြင်းကို အမျိုးအစား ၆ မျိုး ခွဲခြားထားပါတယ်။ အဲဒါတွေကတော့ -

(၁) "စုံထောက်မှုဆိုင်း"ပိတ်သိမ်းခြင်း။

(၂) "မှားယွင်းမှု"ပိတ်သိမ်းခြင်း။

(၃) "ရဲအရေးမပိုင်မှု"ပိတ်သိမ်းခြင်း။

(၄) "လွှဲပြောင်းမှု"ပိတ်သိမ်းခြင်း။

(၅) "ဦးတိုက်လျှောက်ထားမှု"ပိတ်သိမ်းခြင်း။

(၆) "လီဆယ်မှု"ပိတ်သိမ်းခြင်းတို့ ဖြစ်ပါတယ်။

ဒီဆောင်းပါးမှာ လီဆယ်မှုနဲ့ စပ်လျဉ်းတဲ့ အကြောင်းအရာ အချက်အလက်များနဲ့ လီဆယ်မှု ပိတ်သိမ်းခြင်းတို့ကို ဆွေးနွေးတင်ပြသွားပါမယ်။

အထက်မှာ တင်ပြခဲ့သလို ရဲစခန်းမှူး တစ်ဦးဟာ မိမိထံ လာရောက်တိုင်တန်းတဲ့ **"ရဲအရေးယူပိုင်မှုနဲ့ စပ်လျဉ်းတဲ့ သတင်းပေးချက်ဟူသမျှ"**ကို စိစစ်ခြင်း၊ အကဲဖြတ်ခြင်းတွေ လုံးဝမလုပ်ရဘဲ လက်ခံရေးဖွင့်ရတဲ့ အနေအထားရှိလေတော့ လီဆယ်တိုင်တန်းလိုသူတွေ အဖို့ အခွင့်ကောင်းတစ်ရပ်ဖြစ်နေပါတော့တယ်။ ဒါပေမဲ့ ဒါဟာ ဥပဒေရဲ့ အားနည်းချက် မဟုတ်ပါဘူး။ ရဲအရေးပိုင်မှုဖြစ်ပွားခြင်းနဲ့ ပတ်သက်လို့ သတင်းပေးတိုင်ကြားလိုသူများအတွက် အဆင်ပြေလွယ်ကူစေဖို့ စီစဉ်ပြဋ္ဌာန်းပေးခြင်းသာ ဖြစ်ပါတယ်။ ဒါကို ဥပဒေရဲ့ ပျော့ကွက်ထင်ပြီး အပိုင်တော်ကြံလိုက်ရင်ဖြင့် ဒုက္ခနဲ့ လှလှနဲ့ တွေ့ကြဖို့သာ ရှိပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံကြီးသားတစ်ဦးအနေနဲ့ တရားဥပဒေကို ရိုသေလေးစားရမယ့်အစား မရိုမသေ မလေးမစား အလွဲသုံးစားပြုမှုကတော့ လွန်စွာအကျည်းတန်တဲ့ ပြစ်မှုကျူးလွန်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီလိုအမှုတွေမှာ ရဲစခန်းက စုံစမ်းထောက်လှမ်းလို့ လီဆယ်တိုင်တန်းမှုဖြစ်ကြောင်း ပေါ်ပေါက်လာတာနဲ့ တစ်ပြိုင်နက် ရဲလက်စွဲအပိုဒ် ၁၄၃၈ မှ ၁၄၄၅ အထိ ပြဋ္ဌာန်းချက်များနဲ့အညီ အမှုပိတ်သိမ်းဖို့ စီမံဆောင်ရွက်ရပါတယ်။ တစ်ဆက်တည်းမှာပဲ လီဆယ်တိုင်တန်းသူအပေါ် ဥပဒေနဲ့အညီ ပြန်လည်အမှုဖွင့်အရေးယူဖို့လည်း စီစဉ်ဆောင်ရွက်ရပြန်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၈၂ **"အခြားသူတစ်ဦးတစ်ယောက် နစ်နာစေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား ဥပဒေအရ အာဏာကို အသုံးပြုစေရန် ကြံရွယ်၍ မမှန် သတင်းပေးခြင်း"** False information with intent to cause public servant to use his lawful power to the injury of another person) ပြဋ္ဌာန်းထားချက်ကို ကောက်နှုတ်တင်ပြရရင် -

"မည်သူမဆို -

(က) သတင်းတစ်ခုနှင့် စပ်လျဉ်း၍ အကြောင်းခြင်းရာ အမှန်ကို အကယ်၍ သိခဲ့လျှင် ပြည်သူ့ဝန်ထမ်းက ပြုထိုက်သည်မဟုတ်သော အမှုကို ပြည်သူ့ဝန်ထမ်းအား ပြုစေရန် သို့မဟုတ် ပျက်ကွက်ထိုက်သည်မဟုတ်သော ပျက်ကွက်မှုကို ပြုစေရန်၊ သို့တည်းမဟုတ်၊

(ခ) လူတစ်ဦးတစ်ယောက်ကို နစ်နာစေခြင်းငှာ၊ သို့မဟုတ် စိတ်ငြိုငြင်စေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား သူ၏ ဥပဒေအရ အာဏာကို အသုံးပြုစေရန် ကြံရွယ်၍သော်လည်းကောင်း၊ ပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုပြည်သူ့ဝန်ထမ်းသို့ မမှန်ကြောင်း မိမိသိသော သတင်းကိုပေးလျှင် ထိုသူကို ၆ လအထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်"လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါတင်မက အဲဒီလို လီဆယ်တိုင်တန်းမှုကြောင့် စွပ်စွဲခံရသူ ကာယကံရှင်ရဲ့ ဂုဏ်ကျက်သရေကို နစ်နာစေရန်အကြံဖြင့်သော်လည်းကောင်း၊ ဂုဏ်ကျက်သရေကို ထိခိုက်နစ်နာနိုင်မယ်လို့ သိလျက်နှင့်သော်လည်းကောင်း စွပ်စွဲချက်ကို ပြုတယ်ဆိုရင် အဲဒီ လီဆယ်တိုင်ကြားသူအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၀ "အသရေဖျက်မှု" (Defamation) ဖြင့် ပြန်လည်အမှုဖွင့်တိုင်ကြားနိုင်ပါတယ်။

ဒါ့အပြင် လီဆယ်တိုင်တန်းစွပ်စွဲခြင်း ခံရသူရဲ့ နစ်နာမှုများအရ တစ်ခြားတစ်ခြားသော ဥပဒေပုဒ်မများအရလည်း ငြိစွန်းမှုရှိရင် ရှိသလိုတုံ့ပြန်အရေးယူနိုင်မှာလည်း ဖြစ်ပါတယ်။

သာဓက ဖြစ်ရပ်တွေကတော့ များစွာရှိပါတယ်။ အဲဒီထဲက အနီးကပ်ဆုံးဖြစ်စဉ်တစ်ရပ်ကို တင်ပြပါမယ်။ အားလုံးလည်း သိကြပြီး ဖြစ်မှာပါ။

ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးအပေါ် အိမ်အကူ ခင်မာမြင့်(ခ)ခင်မာညို က သုဝဏ္ဏနယ်မြေရဲစခန်းမှာ မုဒိမ်းမှုဖြင့် လီဆယ်အမှုဖွင့်တိုင်တန်းခဲ့တဲ့ ဖြစ်စဉ်ပါ။ အဲဒီလို အမှုမဖွင့်မီ အိမ်အကူပွဲစား ဒေါ်ညိုက သက်ဆိုင်ရာ လူကြီးများနှင့်အတူ လာရောက်ပြီး ငွေကျပ်သိန်းတစ်ရာကို တောင်းခံခဲ့ကြောင်း။ အဲဒီငွေကို မပေးလို့ အခုလို လီဆယ်သတင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် အဲဒီ ခင်မာမြင့်ဟာ ပြီးခဲ့တဲ့ မတ်လတုန်းကလည်း ပဲခူးမြို့မှာ အလားတူအမှုမျိုး ဖွင့်ခဲ့ဖူးသေးတယ်လို့လည်း ဆိုပါတယ်။

အဲဒီအမှုနဲ့ ပတ်သက်ပြီး သုဝဏ္ဏရဲစခန်း တာဝန်ရှိသူများက အသေးစိတ်စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ အိမ်အကူ ခင်မာမြင့်(ခ)ခင်မာညိုက သရုပ်ဆောင် သီဟတင်စိုးအပေါ် မဟုတ်မမှန် လီဆယ်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း။ သူမကိုယ်တိုင် ဝန်ခံလက်မှတ်ရေးထိုးပေးခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် အိမ်အကူပွဲစား ဒေါ်ညိုက အဲဒီလို လီဆယ်တိုင်တန်းနိုင်ရေး ကြိုတင်အကွက်ချ စီစဉ်ပေးခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်းလည်း ပေါ်ပေါက်ပါသတဲ့။ ဒါကြောင့်လည်း သရုပ်ဆောင် သီဟတင်စိုး၏ဇနီး သရုပ်ဆောင် ဒေါ်ဇင်မာဦးက တရားလိုပြုလုပ်တိုင်တန်းချက်အရ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၉/၁၁၄ **"ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်ရန် တစ်ဦးတစ်ယောက်သောသူအား ပြစ်မှုဖြင့် စွပ်စွဲမည်ဟု ခြောက်အောင်ပြုမှု"**ဖြင့် သုဝဏ္ဏနယ်မြေ ရဲစခန်းမှ အမှုဖွင့်အရေးယူခဲ့ပါတယ်။

အဲဒီလို လီဆယ်တိုင်တန်းသူတို့အပေါ် ပြန်လည်အရေးယူမှုကို ပြီးခဲ့တဲ့ ဩဂုတ်လ ၁ ရက်နေ့က သုဝဏ္ဏရဲစခန်းမှ သင်္ဃန်းကျွန်းမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ရာဇဝတ်မှုကြီးအမှတ် ၈၅၄/၂၀၁၈ ဖြင့် လက်ခံကြားနာစစ်ဆေးလျက်ရှိကြောင်း သိရပါတယ်။

အဲဒီဖြစ်စဉ်ကို သုံးသပ်ကြည့်ရင် လီဆယ်တိုင်တန်းသူ အိမ်အကူ ခင်မာမြင့်(ခ)ခင်မာညိုနဲ့ ပွဲစား ဒေါ်ညိုတို့ဟာ နာမည်ကြီး လူသိတဲ့ ရုပ်ရှင်သရုပ်ဆောင် တစ်ဦးအပေါ် ယနေ့ခေတ်လူတိုင်း ရွံရှာစက်ဆုပ်နေကြတဲ့ "မုဒိမ်းမှု"နဲ့ စွပ်စွဲခြိမ်းခြောက်ပြီး ငွေညှစ် တောင်းခံဖို့ ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒီလို လုပ်ဆောင်နိုင်ဖို့ တရားဥပဒေက ပြည်သူတိုင်းအတွက် ပေးအပ်ထားတဲ့ တရားမျှတမှု အခွင့်အရေးများကို မမှန်မကန် အသုံးချ အလွဲသုံးစားပြုကာ လီဆယ်တိုင်တန်းခဲ့ခြင်း ဖြစ်ပါတယ်။

သို့ပေမဲ့ "တရားမျှတမှုကို သန့်ရှင်းသော လက်ဖြင့်သာ တောင်းခံရာ၏"ဆိုတဲ့ သဘောတရားအတိုင်းပါပဲ။ တရားဥပဒေကို လက်တစ်လုံးခြား၊ အလွဲသုံးစားပြုတဲ့ မသမာသူတို့အတွက်တော့ ဥပဒေကကာကွယ် စောင့်ရှောက်မှု မပေးရုံမျှသာမက ထိုက်သင့်တဲ့ဒဏ် ခတ်စီရင်မှုတွေနဲ့ ဆုံးမပေးလိမ့်မယ်ဆိုတဲ့ နိယာမကို အဲဒီဖြစ်စဉ်က ညွှန်ပြနေလေရဲ့။

ဆောင်းပါး အစပိုင်းမှာ ဖော်ပြခဲ့သလို ရဲစခန်းအသီးသီးက အကြောင်းအမျိုးမျိုးကြောင့် တရားစွဲတင်ခြင်းမပြုနိုင်လို့ ပိတ်သိမ်းရတဲ့ နည်းလမ်း ၆ မျိုးအနက် ကျန် ၅ မျိုးက လုပ်ထုံးလုပ်နည်းနဲ့အညီ ပိတ်သိမ်းဆောင်ရွက်သွားရင် ပြီးပြတ်မှာဖြစ်ပေမဲ့ "လီဆယ်မှုပိတ်သိမ်းခြင်း"မှာတော့ ပိတ်သိမ်းရုံသက်သက်ဖြင့်သာ မပြီးဘဲ လီဆယ်တိုင်တန်းသူအပေါ် တရားဥပဒေနဲ့အညီ တန်ပြန်အမှုဖွင့်အရေးယူခြင်းကိုလည်း စီစဉ်ဆောင်ရွက်ရမြဲဖြစ်ပါတယ်။

ဒီကနေ့ ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းစ မောင်ကြင်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးဟာ အသက်တမျှ အရေးကြီးလှပါတယ်။ တရားဥပဒေစိုးမိုးရေး အားနည်းရင် ဒီမိုကရေစီပန်းတိုင်နဲ့လည်း အလှမ်းဝေးနေဦးမှာ အသေအချာပါပဲ။ အဲဒီလိုအရေးကြီးလှတဲ့ တရားဥပဒေစိုးမိုးရေးအားကောင်းလာစေဖို့အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းလက်တွဲဖြည့်ဆည်းကြရမယ့်အချိန်မှာ ဥပဒေကို လက်တစ်လုံးခြား၊ အလွဲသုံးစားပြုတဲ့ လီဆယ်သတင်းပေးတိုင်တန်းမှုတွေဟာ လုံးဝမရှိသင့်တော့တဲ့အမှုကိစ္စများသာ ဖြစ်ပါတယ်။ ဒါ့အပြင် လီဆယ်တိုင်တန်းမှုကြောင့် စွပ်စွဲခံရသူ ကာယကံရှင်နဲ့သူ့မိသားစုတစ်ခုတည်းသာ နစ်နာရုံမျှမက တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေတဲ့ **"ပြည်သူ့ဝန်ထမ်းရဲ့ဥပဒေအရ အာဏာကို မထီလေးစားပြုခြင်း**(Contempts of the Lawful authority of public servants) **လည်း** ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီရေးရဲ့ ဆန့်ကျင်ဘက်၊ တရားဥပဒေစိုးမိုးရေးရဲ့ ဓမ္မန္တရာယ်လို့ ဆိုအပ်တဲ့ မသတီဖွယ် လီဆယ်မှုများ ပပျောက်ရေးအတွက် သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းများနဲ့အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆန့်ကျင်တားဆီးသင့်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**ကြင်ဦးလူ**

## မိဘပြည်သူများသို့ ထပ်မံအသိပေးကြေညာချက်

မှုခင်းသတင်းဂျာနယ်တိုက်မှ သတင်းထောက်မဟုတ်သောသူများသည် မှုခင်းသတင်းထောက်အသွင်ယူ၍ လိုက်လံငွေတောင်းခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသဖြင့် မှုခင်းသတင်းဂျာနယ်တွင် ကြော်ငြာထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါတွင်လည်း သတင်းထောက်အတုအယောင်များမှလည်း သတင်းထောက်ချုပ်ဟုဆိုပြီး အမှန်အကန်သတင်းထောက်များအား သတင်းထောက်အတုဟုပြောပြီး သတင်းထောက်အတုအယောင်များအား သတင်းထောက်အစစ်ဟုဆိုကာ စာများဖြန့်ဝေနေခြင်း၊ သတင်းထောက်ကဒ်ပြားအတုများပြုလုပ်၍ အနီရောင်မှုခင်းသတင်း(CIJ) အဖွဲ့ဟုဆိုကာ မှုခင်းသတင်းဂျာနယ်တိုက်ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်အောင်ပြုလုပ်နေသည်ကို သိရှိရပါသည်။

မှုခင်းသတင်းဂျာနယ်(ဗုဒ္ဓဟူးနေ့ထုတ်)တိုက်တွင် အနီရောင်မှုခင်းသတင်း(CIJ) အဖွဲ့ဆိုသည်မှာ မရှိပါကြောင်းနှင့် မှုခင်းသတင်းဂျာနယ်အား ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်နေသည့် သတင်းထောက်အတုအယောင်များအား တွေ့ရှိပါက အချက်အလက် တိကျခိုင်လုံစွာ သိရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မှုခင်းသတင်းဂျာနယ်အား သတင်းထောက်အတုအယောင်များအား သေချာတိကျစွာသိရှိရပါက ဖော်ပြပါဖုန်းနံပါတ် ၀၁-၂၄၃၅၆၀၊ ၀၁-၂၅၂၅၃၈၊ ၀၉-၅၀၀၀၁၈၂၊ ၀၉-၉၇၅၀၀၀၁၈၂ သို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

မှုခင်းသတင်းဂျာနယ်
အယ်ဒီတာအဖွဲ့

www.free4readers.com

www.free4readers.com



အချစ် မှုခင်း

# နိုင်ငံတကာ အိမ်ထောင်ရေးဥပဒေနှင့် သမီးရည်းစားအရေးတော်ပုံများ

အချစ်ရှေ့နေ



(၁)

**အကယ်ဒမီ နေတိုးကပြောတယ် ချစ်သူရှိပြီးမှ ဘဝက ပိုပျော်စရာကောင်းလာသတဲ့**

လူပျိုသိုးကြီးလိုင်စင်ရထားတဲ့ ကိုနေတိုးက ချစ်သူရှိလာပြီးနောက်ပိုင်း နေ့ရက်များကို ဖြတ်သန်းရသည်မှာ ယခင်ထက်ပို၍ ပျော်စရာကောင်းလာကြောင်း သရုပ်ဆောင် နေတိုးက ပြောသည်။

စိတ်ခံစားမှုအရ အလုပ်အပေါ်ထားတဲ့ စိတ်ခံစားမှုကတော့ အချစ်ရှိရှိ၊ မရှိရှိ အတူတူပါပဲ။ လူ့ဘဝဖြတ်သန်းမှုမှာ ပျော်ရွှင်မှု၊ ကျေနပ်မှု၊ ကြည်နူးမှုတွေကတော့ အရင်ကထက်ပိုပြီးရှိလာတယ်လို့ ပြောချင်တယ်"ဟု ပြောသည်။

ချစ်သူအပေါ် ဂရုစိုက်ခြင်းထက် နှစ်ဦးသားနားလည်မှုကိုအခြေခံပြီး ဖြတ်သန်းဖြစ်နေကြောင်း၊ "ချစ်ခြင်းမေတ္တာဆိုတာက အရမ်းလည်းနူးညံ့တယ်။ နောက်တစ်ခုက ဒီလိုမျိုးဖြစ်ပေါ်လာဖို့ ဆိုတာလည်း အရမ်းခဲယဉ်းတယ်။ ဒီလိုခဲယဉ်းတဲ့ တစ်ခုအပေါ်မှာ တန်ဖိုးထားတတ်မှုနဲ့ တစ်ယောက်အပေါ် တစ်ယောက်သိတတ်မှုက အရေးပါတယ်လို့ မြင်ပါတယ်"ဟု နေတိုးကပြောသည်။ မင်္ဂလာသတင်း သေချာလျှင် ပရိသတ်ကို ဖွင့်ပြောမည်ဖြစ်ပြီး အချစ်ရေးနှင့် ပတ်သက်၍ လက်ရှိထုတ်ဖော်ပြောကြားသည့် အနေအထားဖြင့်သာ ကျေနပ်ပေးရန် နေတိုးက မေတ္တာရပ်ခံသည်။

ခန္ဓာကိုယ်ပိုင်းကို ယခင်ကထက်ပို၍ ဂရုစိုက်လာသကဲ့သို့ ဆေးလိပ်ဖြတ်သည်မှာ ခြောက်လခန့်ရှိပြီဖြစ်သောကြောင့် ပို၍နုပျိုနေခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"အဓိကကတော့ ကျွန်တော်တို့ ရိုက်ကူးရမယ့် ဇာတ်လမ်းတွေနဲ့ နောက်ပိုင်းမှာ ကျန်းမာရေးအရရော၊ အသက်အရွယ်အရရောအဲဒါတွေကို ထိန်းသိမ်းရတဲ့အနေအထားတစ်ခုကို ရောက်နေပြီလို့လည်း မြင်တယ်။ နောက်တစ်ခုက ကျွန်တော်တို့ အက်ရှင်ကားတွေ၊ တကယ့်ကို ယောက်ျားပီသရတဲ့ ဇာတ်လမ်းတွေ၊ နောက်ရိုက်ကူးဖို့အတွက်လိုအပ်နေတဲ့ အချို့ဇာတ်ကားတွေ၊ မရိုက်ရသေးတဲ့ကားတွေက အင်္ကျီတွေဘာတွေချွတ်ပြီး ရိုက်ရမယ့်ဇာတ်လမ်းမျိုးတွေ ရှိတယ်။ အားကစားနဲ့ ပတ်သက်ပြီး ရိုက်ရမယ့်ကားလေးတွေလည်း လက်ခံထားတဲ့အတွက် တောင့်တင်းဖို့လည်း လိုအပ်တဲ့အတွက် အစားအသောက်ထိန်းတာရော၊ အားကစားရော ပိုပြီးတွဲလုပ်ဖြစ်တယ်"ဟု သရုပ်ဆောင် နေတိုးက ပြောသည်။

(၂)

**အချစ်နဲ့အိမ်ထောင်ရေးအပေါ် မိစန္ဒီရဲ့ခံယူချက်က ဒီလိုတဲ့**

ချစ်သူရှိသော်လည်း လက်ရှိတွင် အိမ်ထောင်ပြုရန် အစီအစဉ်မရှိသေးသဖြင့် ချစ်သူကို တရားဝင်မချပြသေးခြင်းဖြစ်ကြောင်း အဆိုတော် မိစန္ဒီက ပြောသည်။

"ချစ်သူကို ဖွင့်ချမပြဘူးဆိုတာကလည်း ကိုယ့်မိသားစုအသိုင်းအဝိုင်းက ရှိသေးတာကိုး။ မိစန္ဒီလည်း အခုလောလောဆယ်အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူး။ အိမ်ထောင်ပြုတဲ့ မိန်းမတွေအားလုံးကို လေးစားတယ်။ သတ္တိရှိတယ်လို့ မြင်တယ်။ တစ်ခုခုမှားယွင်းသွားမှာတို့၊ အရင်တုန်းကလို လွတ်လပ်မှုမပိုင်ဆိုင်တော့မှာတို့တွေးပြီး မိစန္ဒီသတ္တိမရှိဘူး"ဟု ၎င်းက ပြောသည်။

ငယ်စဉ်ကတည်းက မိန်းမသိပ်မဆန်သောကြောင့် အိမ်ထောင်ရှင်မ တစ်ဦးဖြစ်ရန် အတွေးမရှိသလို ကလေးယူချင်သည့် စိတ်လည်း မရှိခဲ့ဟု ဆိုသည်။

"မိစန္ဒီချစ်ဖူးတယ်။ သဘောထားမတိုက်ဆိုင်လို့ကွဲသွားတာလည်း ရှိတယ်။ နိုင်ငံခြားမှာကျတော့ တစ်ရက်တွဲလည်းတွဲတာပဲ။ ဘာမှ မဖြစ်ဘူး။ မိစန္ဒီတို့ ဒီမှာကျတော့ ကိုယ့်မိသားစုမျက်နှာ၊ ကိုယ့်အသိုင်းအဝိုင်းမျက်နှာကို ကြည့်ရမယ်။ လူသိရှင်ကြားတွဲပြီး မယူဖြစ်ရင်မကောင်းဘူးလေ။ ဒါပေမဲ့ မိစန္ဒီပုန်းလျှိုးကွယ်လျှိုးတော့ မနေပါဘူး။ ရည်းစားထားတယ်။ ပရိသတ်တွေလည်း သိတယ်။ အပြင်သွားရင်လည်း တွေ့ကြတယ်။ ဖုံးကွယ်ထားတာမျိုး မရှိဘူး။ ပွဲတက်တာတို့၊ ဖျော်ဖြေမှုတွေတွေ့ဆုံမှုတို့မှာတို့ သာမတင်တာဘဲရှိတာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိ အချစ်ရေးသည် အဆင်ပြေနေပြီးအသက်ကြီးလာသောကြောင့် ပို၍ရင့်ကျက်လာပြီး နားလည်မှုပိုရှိလာကြောင်း ဆိုသည်။

"အသက်ကြီးလာတဲ့အခါမှာ နင်က ငါ့ကို အလုပ်လောက်တောင် မချစ်ဘူးလို့ လာပြောရင် မရဘူး။ အလုပ်ကိုပိုချစ်တယ်။



ကိုယ့်မိသားစုနဲ့ ကိုယ့်ဘဝရပ်တည်ဖို့အတွက် အလုပ်လုပ်နေတာလေ။ ကိုယ့်အလုပ်က ကိုယ့်ဘဝပဲ။ နင်က အလုပ်လောက်တောင် ငါ့ကို ဦးစားပေးမပေးဘူး ပြောရင်တော့ တော့တာပဲ။ မိစန္ဒီချစ်သူကလည်း အလုပ်ကိုချစ်ပြီး ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့သူ ဖြစ်ရမယ်။ မိစန္ဒီကိုပဲ အရမ်းကြီး ဦးစားပေးနေစရာမလိုဘူး။ ဒါလက်တွေ့ဘဝပဲ"ဟု ၎င်းကပြောသည်။





ဂီတလှုပ်ရှားမှုနှင့်ပတ်သက်၍ ဂီတသက်တမ်းအတိုင်းအတာတစ်ခုထိ ရောက်နေပြီဖြစ်သော်လည်း တစ်ကိုယ်တော်ရှိုးလုပ်ရန် စိတ်ကူးမရှိကြောင်း မိစန္ဒီကပြောကြောင်း 7 Day Daily ထဲတွင် ပါလာ၏။

(၃)

**ရွှေမှုန်ရတီက သူ့အချစ်ရေးနဲ့ပတ်သက်ပြီး ကာယကံရှင်တွေ ဝန်မခံသရွေ့ အတည်လို့ ပြောမရပါဘူးတဲ့**

အဆိုတော် ရွှေထူးနှင့် ချစ်ကြိုက်နေသည်ဟု လူမှုကွန်ရက်တွင် သတင်းများ ထွက်ပေါ်ကာ ဝေဖန်မှုများနှင့် ပတ်သက်၍ ကာယကံရှင်များဝန်မခံသရွေ့ ဘာမှပြော၍ မရဟု သရုပ်ဆောင် ရွှေမှုန်ရတီက မြန်မာတိုင်းမ်နေ့စဉ်သို့ ဩဂုတ် ၁၉ ရက်၌ ပြောဆိုသည်။

"ဘယ်လိုတွေပဲ ဝေဖန်နေပါစေ သဲကတော့ ဘာမှ မဖြစ်တော့ပါဘူး။ အနုပညာသမားမှန်ရင် ဝေဖန်တိုက်ခိုက်မှုခံရမှာပဲ။ လူတိုင်းလည်း လွတ်လပ်စွာတွေးနိုင်ပါတယ်။ သဲကတော့ ပရိသတ်တွေ အချိန်တစ်ခုပေးပြီးတော့ အားလုံးကို စောင့်ကြည့်ပါလို့ပဲ ပြောချင်ပါတယ်။ အများကြီးတော့ မပြောချင်ပါဘူး။ ကာယကံရှင်တွေ ဝန်မခံသရွေ့ ဘာမှပြောလို့မရပါဘူး။ သူ့ကိုလည်း ထင်ယောင်ထင်မှားပြောကြတယ်။ သူလည်း သဲကို စိတ်ပူတာပဲ။ အဓိကတော့ အချိန်လေးတစ်ခုပေးပြီး စောင့်ကြည့်ပေးပါ"ဟု သရုပ်ဆောင် ရွှေမှုန်ရတီက ပြောဆိုသည်။

ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်တွင် အဆိုတော် သရုပ်ဆောင် ရွှေထူးနှင့် သရုပ်ဆောင် ရွှေမှုန်ရတီတို့ ချစ်ကြိုက်နေသည်ဟူသော သတင်းများ လူမှုကွန်ရက်၌ ပျံ့နှံ့ခဲ့ခြင်းဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှုများပြားသော သတင်းတစ်ပုဒ်ဖြစ်ခဲ့ကြောင်း မြန်မာတိုင်းမ်မှတစ်ဆင့် ပြောပြလိုက်ပါပြီ။

(၄)

**အနုပညာလောကထဲမှာ သက်ရှိထင်ရှား လင်မယားမဟုတ်တော့ အထီးကျန် အစ်မကျန်အတွဲတွေထဲက တေးရေး/တေးဆို သျှန်ထွန်း(မြန်မာစ)က သားနဲ့သမီး စိတ်ဆင်းရဲမှာစိုးလို့ သူနောက်အိမ်ထောင်မပြုတော့ ပါဘူးတဲ့**

မိသားစုနဲ့ပတ်သက်လို့ စိတ်ဒဏ်ရာရရှိထားတဲ့ သားနဲ့သမီးကို ပိုပြီး စိတ်ဒဏ်ရာရသွားမှာစိုးတာကြောင့် နောက်အိမ်ထောင်မပြုတော့ဘူးလို့ တေးရေး/တေးဆို သျှန်ထွန်း(မြန်မာစ)က ပြောပါတယ်။ သူဟာ သားနဲ့သမီးကို ဖခင်လိုရော မိခင်လိုပါ စောင့်ရှောက်ပေးလျက်ရှိပြီး ကလေးတွေအတွက်ကိုလည်း လိုလေသေးမရှိရအောင် ထားပေးနေပါတယ်။ သူ့အနေနဲ့ အခုလက်ရှိအချိန်မှာ အသက်အရွယ် ၅၀ ကျော်ပဲ ရှိသေးတာကြောင့် နောက်အိမ်ထောင်ပြုချင် ပြုလို့ရသေးတဲ့အရွယ်ပါ။ သို့ပေမဲ့လည်း သူကတော့ နောက်အိမ်ထောင်မပြုတော့ဘူးလို့ ယတိပြတ်ပြောပြခဲ့ပါတယ်။

"ကျွန်တော့်ဆုံးဖြတ်ချက်ကတော့ မပြင်တော့ပါဘူး။ ကျွန်တော် အခုဆိုရင် အသက်က ၅၀ ကျော်ပြီ။ နောက်ထပ် အလွန်ဆုံးနေရလည်း ၂၀၊ ၂၅ ပေါ့။ ကျွန်တော်ကတော့ ဒီလိုပဲမှန်းတယ်။ နောက်ထပ်(၅)နှစ် (၁၀)နှစ်လောက်က ကလေးတွေအတွက် အလုပ်လုပ်ရဦးမယ်။ အဲဒီလိုမှာမှ အိမ်ထောင်ထပ်ပြုလိုက်မယ်ဆိုရင် ထပ်ပြုတဲ့အိမ်ထောင်နဲ့ ပတ်သက်တဲ့ အကောင်းအဆိုးအကြောင်းအကျိုးဆိုတာ ပြောလို့မရဘူးလေ။ အဲဒါတွေကကောင်းတာဖြစ်လာရင် ပြဿနာမရှိဘူး။ ဆိုးတာဖြစ်လာရင် သားနဲ့ သမီးစိတ်ဆင်းရဲရမှာ စိုးတယ်။ သူတို့စိတ်ထိခိုက်မှာ တအားကြောက်တယ်။ အခုအချိန်မှာက ကျွန်တော်ရှိရင်သူတို့ ဘဝပြည့်စုံတယ်လို့

စာမျက်နှာ(၂၀)သို့

www.free4readers.com



# ဒေါ်ပုံသင်္ဘောကျင်းရေဆိပ်မှာ ရေဆင်းချိုးတဲ့လူငယ်တစ်ဦး ရေနစ်ပျောက်ဆုံးနေရာမှ တွေ့ရှိ

၂၂-၈-၂၀၁၈ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲအချိန်ခန့်တွင် ဒုရဲအုပ် စိန်ဝင်း ခေတ္တစခန်းမှူး (သီလဝါ)တာဝန်ဆောင်ရွက်နေစဉ် ကျောက်တန်းမြို့နယ်၊ ရွှေပြည်သာယာရပ်ကွက်ရှိ MITT ဆိပ်ကမ်း၏ ဆိပ်ခံဇောတံတားအနီးတွင် လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ သက်သေများနှင့်အတူ အခင်းဖြစ်ရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြ၏။ ထိုသို့စစ်ဆေးရာမှ သေဆုံးသူမှာ ညီမင်းလွင်(၁၄)နှစ်၊ (၈)တန်း၊ မြို့ပတ်လမ်း၊ သင်္ဘော ကျင်းရပ်ကွက်၊ ဒေါ်ပုံမြို့နယ်နေသူဖြစ်ပြီး ၎င်း၏ ဦးလေးဖြစ်သူ ကိုညာဏ်မြင့်ဦး(၃၆)နှစ်၊ သင်္ဘောကျင်းရပ်ကွက်၊ ဒေါ်ပုံမြို့နယ်နေသူနှင့် သေဆုံးသူ၏မိခင် မစန်းစန်းဝင်း(၄၅)နှစ်၊ (ညီမင်းလွင်နှင့် လိပ်စာတူ)တို့၏ ပြောပြချက်အရ သေဆုံးသူ ညီမင်းလွင်သည် ၁၉-၈-၂၀၁၈ ရက်နေ့ ညနေ ၄ နာရီခွဲအချိန်ခန့်တွင် ဒေါ်ပုံမြို့နယ်၊ သင်္ဘောကျင်းရပ်ကွက်၊ ရွှေသိန်းဆန်စက်အနီးရှိ ရေဆိပ်တွင် ရေဆင်းချိုးရာမှ ရေနစ်ပျောက်ဆုံးသွား၍ လိုက်လံရှာဖွေခဲ့ရာမှ တွေ့ရှိခြင်းဖြစ်ကြောင်း ပြောပြသိရှိရပြီး အလောင်းအား စစ်ဆေးရာ ပြင်ပဒဏ်ရာမတွေ့ရှိဘဲ ပုပ်ပွသေဆုံးနေသည်ကို တွေ့ရှိရ၍ ကျောက်တန်းဆေးရုံသို့ ပို့အပ်ရာ အလှည့်ကျဆရာဝန်မှ လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဒုရဲအုပ် စိန်ဝင်းမှ တရားလိုပြုလုပ်တိုင်တန်း၍ သီလဝါနယ်မြေရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၄/၂၀၁၈)ဖြင့် အမှုစစ်ကစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်စိုးဦး

## ခရမ်းမြို့နယ် ရဲမွန်ချောင်းအတွင်း စက်တပ်လှေနှစ်စီးတိုက်မှုဖြစ်ပွား

**ဩဂုတ်လ ၁၀ ရက်နေ့က တိုက်ကြီးမြို့နယ်တွင် အမျိုးသားတစ်ဦးအား လူနှစ်ဦးက ကြိုးဖြင့်ချည်နှောင်ပြီး ဓားဖြင့်အချက်ပေါင်းများစွာ ထိုးသတ်မှုဖြစ်ပွားခဲ့ကြောင်း မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ စုံစမ်းသိရှိရ၏။**

၁၇-၈-၂၀၁၈ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်ခန့်တွင် ရဲအုပ် ခင်ဝင်း၊ ခရမ်းမြို့မရဲစခန်းမှ တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် ရဲမွန်ချောင်းအတွင်း စက်လှေနှစ်စီး တိုက်မိကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ခရမ်းမြို့နယ်၊ ရဲမွန်ချောင်းအတိုင်း အနောက်မှ အရှေ့သို့ ရေယာဉ်မောင်း တင်ကိုဝင်း(၁၉)နှစ်၊ ရေယာဉ်မောင်း၊ သမဲ့ချောင်းကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော စပါးတင်း(၁၆၀)ပါ တရုတ်နီအင်ဂျင် ၂၂ ကောင်တပ် သစ်သားစက်လှေသည် ရဲမွန်ဘုရားအလွန်အရောက် အရှေ့မှအနောက်သို့ ရေယာဉ်မောင်း ကျော်ဝင်း(၆၂)နှစ်၊ ရဲမွန်တဲစု၊ (၉)ရပ်ကွက်၊ ခရမ်းမြို့နယ်နေသူ ဓမင်းနှင်လာသည့် ဟွန်ဒါ ၁၃ ကောင်တပ် ဖိုက်ဘာစက်လှေဖြင့် အရှိန်လွန်ကာ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် ကျော်ဝင်း၏ စက်လှေပေါ်တွင် လိုက်ပါစီးနင်းလာသော လေဖြတ်ရောဂါခံစားနေရသူ ဒေါ်ခင်သိန်း(၇၄)နှစ်၊ ခင်တန်းတဲစု၊ ကျုံးတူးကျေးရွာ၊ ခရမ်းမြို့နယ်နေသူမှာ အခင်းဖြစ်စက်လှေပေါ်တွင်ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ လန့် ကာသေဆုံးသွားခဲ့ပြီး ဒေါ်ကျင်ဌေး(၅၀)နှစ်၊ ရဲမွန်တဲစု၊ (၉)ရပ်ကွက်၊ ခရမ်းမြို့နယ်နေသူမှ ဝဲဘက်ပါးစောင်းပေါက်ပြဲဒဏ်ရာ၊ နဖူးယာဘက်ခြမ်းဖူးရောင်နာကျင်ဒဏ်ရာရရှိ ကာခရမ်းဆေးရုံ၌ အတွင်းလူနာအဖြစ်လည်းကောင်း၊ မအိအိနွယ်(၁၉)နှစ်၊ လှဘီးလူးကျေးရွာ၊ ခရမ်းမြို့နယ်နေသူမှာ ဝဲဘက်ခမ္ဘာကိုယ်တစ်ခြမ်း နာကျင်ဒဏ်ရာ (လူပ်မ ရ)အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ)အဖြစ်လည်းကောင်း၊ တင်ပို့ကုသရကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ တင်ကိုဝင်းနှင့် ကျော်ဝင်းတို့အား အရေးယူပေးပါရန် ရဲအုပ် ခင်ဝင်းမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ခရမ်းမြို့မရဲစခန်းမှ (ပ)၆၁၀/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/ ၃၃၈/၃၃၇/၂၈၀ ဖြင့် အမှုဖွင့်ပြီး အမှုစစ်မှ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးမင်း



## သဲကုန်းမြို့နယ် အင်းမတွင် ယာဉ်တိုက်မှု ဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမနယ်မြေရဲစခန်းမှ ရဲတပ်ကြပ်ကြီး သိန်းဝင်းသည် တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၁၅၃/၇-၀)ကြားတွင် သဲကုန်းမြို့နယ်၊ အင်းမမြို့ သိရိသုခရပ်ကွက်ကြီး၊ ဇောမိကွက်သစ်နေ ခင်ဇော်၊ လက်သမားလုပ်နေသူသည် အရက်သေစာသောက်စားပြီး ရန်ကုန်ဘက်မှ ပြည်ဘက်သို့ တစ်ဦးတည်းလမ်းလျှောက်လာစဉ် လားရာတူနောက်မှ ယာဉ်မောင်း ဦးတင်လှိုင်(၆၃)နှစ်၊ ကျိုးမန်းရွာ၊ ကျောင်းတော်ရာအုပ်စု၊ ပေါင်းတည်မြို့နယ်နေသူ မောင်းနှင်လာသော YGN 7C/×××× TOYOTA ခဲရောင်ကားပေါ်တွင် ထွန်းဇော်လိုက်ပါလျက် မောင်းနှင်လာပြီး အဆိုပါ မော်တော်ယာဉ်၏ ဝဲဘက်ခြမ်းဖြင့် ဝင်ရောက်တိုက်မိပြီး မှောက်လဲကျသွားကာ ဦးခင်ဇော်တွင် ဝဲဘက်ဦးခေါင်းချိုစောင်း ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်ပါးရိုးပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်ပခုံးပွန်းခြစ်ဒဏ်ရာများ ရရှိကာ အင်းမတိုက်နယ်ဆေးရုံသို့ ပို့အပ်ထား၏။

ထို့ကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဦးတင်လှိုင်အား ဥပဒေအရ အရေးယူပေးပါရန် ရဲတပ်ကြပ်ကြီး သိန်းဝင်းမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် အင်းမနယ်မြေရဲစခန်းမှ ယာဉ်(ပ)၂၂/၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်ပြီး ဒုရဲအုပ် နောင်မောင်မှ လက်ခံစစ်ဆေးကာ အချင်းဖြစ်နေရာအား စစ်ဆေးခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ ဆေးစာပေးပို့ခြင်း၊ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးပြီး ရဲလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကာ သဲကုန်းမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်အောင်(အင်းမ)

## မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တွင် အငှားယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

၁၉-၈-၂၀၁၈ ရက်နေ့ ညနေ ၆ နာရီ ၅၅ မိနစ်အချိန်ခန့်တွင် ဒုရဲမှူး မြင့်လွင်၊ ထောက်ကြန့်နယ်မြေစခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တောင်ပိုင်းရပ်ကွက်၊ ပြည်လမ်း STAR HIGH စက်သုံးဆီအရောင်းဆိုင်အနီးတွင် ကားတစ်စီးမီးလောင်နေကြောင်း သတင်းအရ ရဲတပ်ကြပ် ရဲထွဋ်ဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သတင်းရရှိသည့်နေရာတွင် Mazda Titan အဖြူရောင် (ဂှား)ယာဉ် တစ်စီးခေါင်းခန်းအတွင်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရှိရပြီး မင်္ဂလာဒုံမြို့နယ် မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင် ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် မီးသတ် ယာဉ် ၂ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ မီးမှာ ည ၇ နာရီအချိန် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းရသည့်အကြောင်းရင်းမှာ ကားခေါင်းခန်း ဒတ်ရှ်ဘုတ်အောက်ရှိ ဝါယာကြိုးများ ဝါယာရှော့ခ်ဖြစ်ရာမှ အပူလွန်ကဲမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးလောင်ကျွမ်းမှုကြောင့် ကားခေါင်းခန်းအတွင်းရှိ ထိုင်ခုံများ၊ ဒတ်စ်ဘုတ် လေကာမှန်နှင့် ဘေးလေကာမှန်နှစ်ဖက်ပျက်စီးခဲ့ပြီး တန်ဖိုးငွေကျပ်(၅)သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စိစစ်ဆဲ)မှာ အခင်းဖြစ်နေရာမှ ယာဉ်အားထားကာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသဖြင့် မီးလောင်လွယ်သော အရာအားပေါ့လျော့စွာအသုံးပြုမောင်းနှင်မှုကြောင့် ယာဉ်မီးလောင်ပျက်စီးစေခဲ့သူ ယာဉ်မောင်း(စိစစ်ဆဲ)အား ဥပဒေအရ အရေးယူပေးပါရန် ဒုရဲမှူး မြင့်လွင်မှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ထောက်ကြန့်မြို့မရဲစခန်းမှ (ပ)၈၂၀/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် နန်းရွှေစံမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးမင်း

## WY ပန်းရောင်စိတ်ကြွဆေးပြားနှင့် ဆေးခြောက်များ ဖမ်းဆီးရမိ

၇-၈-၂၀၁၈ ရက်နေ့ နံနက် ၃ နာရီ ၄၀ မိနစ်အချိန်တွင် မူးယစ်ဆေးဝါးသတင်းအရ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက် ပိတောက်ရွှေဝါလမ်းနေအိမ်သို့ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ ဖမ်းဝရမ်းအမှတ် (၈/၂၀၁၈)ဖြင့် အိမ်ရှင် မနီလာထွေးအား အသင့်တွေ့ရှိ၍ အင်းစိန်မြို့မရဲစခန်းမှ ရဲတပ်ကြပ် သစ်လွင်၊ ရဲတပ်ကြပ် အောင်ကျော်ဦး၊ ဒုတပ်ကြပ် တင်ထွန်းအောင်၊ ရာအိမ်မှူး ဦးမိုးညွန့်နှင့် ဦးဝင်းဗိုလ်သန်းတို့မှ နေအိမ်အတွင်း ရှာဖွေစစ်ဆေးရာ မနီလာထွေး၏ အိပ်ရာခေါင်းရင်းကြမ်းပြင်ပေါ်တွင် ပလတ်စတစ်အိတ်များဖြင့် ထုပ်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား (၉၉)ပြား၊ အစိမ်းရောင်ဆေးပြား (၁)ပြား၊ စုစုပေါင်း (၁၀၀) ပြားပါ (၆)ထုပ်၊ ပလတ်စတစ်အိတ်ဖြင့် ထုတ်ထားသော WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ ပြားပါ (၁)ထုပ်၊ ပလတ်စတစ်အိတ်များဖြင့် ထုပ်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား (၁၀၄)ပြား၊ အစိမ်းရောင်ဆေးပြား (၁)ပြား၊ စုစုပေါင်း (၁၀၅)ပြားပါ (၁)ထုပ်၊ အနီရောင်ကော်ဘူးအသေးဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၃ ပြား အစိမ်းရောင်ဆေးပြား (၂)ပြား၊ စုစုပေါင်း (၉၅) ပြားပါ (၁)ဘူး၊ စုစုပေါင်း WY ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား (၉၀၀)ပြား၊ အလေးချိန်(၉၀၀) အလေးချိန် (၉၀၀) ဂရမ်၊ အမည်းရောင်အိတ်ဖြင့်ထုပ်ထားသော ဆေးခြောက်ဟုယူဆရသော အညိုရောင်အရွက်ခြောက် အလေးချိန် (၁၄၉)ဂရမ်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည့် ခဲပတ်ပြားအကြီး (၁)ခု ပလတ်စ တစ်အိတ် အသေး (၃၀)အိတ်တို့အား လည်းကောင်း၊ အိပ်ရာခေါင်းအုံးအောက်မှ အနက်ရောင်မိန်းမကိုင်လက်ဆွဲအိတ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် ဆမ်ဆောင်းဖုန်းဖုန်းတစ်လုံး၊ ငွေကျပ် (၁၅)သိန်းတို့အား ရှာဖွေတွေ့ရှိ၍ မနီလာထွေးအား အင်းစိန်မြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ် သိန်းနိုင်မှ မယ(ပ)၈၉/၂၀၁၈ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁(က)အရ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ဝသန်(အင်းစိန်)

## လူသူမနီးတဲ့ယာခင်းတဲမှာ အရက်မူးလာတဲ့ တစ်ရွာတည်းသားက လင်ရှိ ကလေးအမေကို ကာမဘီလူးစီးသွားတဲ့ဖြစ်ရပ်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်နယ်မြေရဲစခန်းအပိုင်(၇)မိုင်ခန့်အကွာ မြို့သစ်ကလေးကျေးရွာအုပ်စုဝင် ပင့်သာကျေးရွာမှ အရှေ့ဘက်(၄)မိုင်ခန့်အကွာတွင် တစ်ရွာတည်းသားဖြစ်ကြပြီး တဲနီးချင်းနေ လင်ရှိအမျိုးသမီးတစ်ဦးအား လင်တော်မောင်၏ တူတော်စပ်သူအမျိုးသားတစ်ဦးက အရက်အလွန်အကျွံမူးလာပြီး ယာခင်းတဲသို့ လိုက်လာကာ လူသူပြတ်လပ်မှုကို အခွင့်ကောင်းယူလျက် အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့မှုကို ဟိုပင်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဆုဝေမှ ဦးစီးပြီး အခင်းဖြစ်နေရာသို့ သက်သေများနှင့်အတူ ပြစ်မှုကျူးလွန်သူအား အချိန်မီ လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ၁၉-၈-၂၀၁၈ ရက်နေ့ နံနက် ၈ နာရီအချိန်ခန့်တွင် ခင်ပွန်းသည် ဦး×××သည် မြင်သာရွာထဲရှိ နာရေးကိစ္စအိမ်သို့ ထွက်ခွာသွားရာ အခင်းယာခင်းတဲ၌ ဇနီးသည် မ×××(၂၇)နှစ်သည် (၃)နှစ်အရွယ် သမီးငယ် မ×××တို့သာ ကျန်ရှိနေခဲ့၏။

ထိုသို့ကျန်ရှိနေစဉ် နံနက် ၁၀ နာရီခန့် အခင်းရှိ ယာတောတဲနီးချင်းဖြစ်သူ ခင်ပွန်းဖြစ်သူ ဦး×××၏တူအရင်းတော်စပ်သူ ရဲမင်းထွန်း(ခ)ရဲကြီးသည် အရက်အလွန်အကျွံ မူးလျက် ရောက်ရှိလာပြီး မွန်းလွဲ ၁ နာရီခန့်အချိန်တွင် မ×××သည် သမီးဖြစ်သူနှင့်အတူ အခင်းယာတောတဲ တောင်ဘက်ကိုက် (၄၀)အကွာခန့်ရှိ ထိခရုံးတောထဲတွင် လှန်ကျောင်းထားသော နွားများကိုနေရာရွှေ့ပြောင်းပေးစဉ် မ×××၏ သမီး မ×××မှာ ပေ ၂၀ ခန့်အကွာ မြေကြီးပြောင်ပြောင်တွင် ရပ်စောင့်နေခဲ့ကြောင်း သိရှိရသည်။

ယင်းအချိန်တိုအတွင်းမှာပင် ရဲမင်းထွန်း(ခ)ရဲကြီးသည် မ×××၏ နောက်ကျောဘက်မှချဉ်းကပ်လိုက်လာကာ မြေပြင်ပေါ်သို့တွန်းလှဲ၍ တံတောင်ဖြင့်လည်ပင်းအား ဖိညှစ်ထားကာ မအော်နဲ့အော်ရင်သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြီး အလိုမတူဘဲ အတင်းအဓမ္မ သားမယားအဖြစ် တစ်ကြိမ် ပြုကျင့်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တရားလို မ×××မှ ဟိုပင်နယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းလာသဖြင့် ဟိုပင်နယ်မြေရဲစခန်းမှ (ပ)၄၄/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ပြီး ဒုရဲအုပ် ဆုဝေမှ ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖိုးသား(ဟိုပင်)



## ရန်ကုန်သားတွေ သိထားသင့်တဲ့ စည်ပင်ဥပဒေသစ်ရဲ့ ပြစ်ဒဏ်နှင့်

# စာခြားသတင်း ပုံရိပ်များ

၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို တိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်ပါပြီ။ ဥပဒေပါ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ၊ ပြစ်မှုပြစ်ဒဏ်တွေနဲ့ ပတ်သက်ပြီး အများသိရှိနိုင်ဖို့ မြို့နယ်အလိုက် အသိပေးမှုတွေ ဟောပြောမှုတွေ ပြုလုပ်တော့မှာ ဖြစ်ပါတယ်။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေသစ်ထဲက ပြည်သူများ သိရှိရောင်ကြဉ်နိုင်ဖို့ ထုတ်နုတ်ရေးသားပေးချင်ပါတယ်။

လမ်းလယ်ကျွန်း၊ မြက်ခင်းအဝိုင်း၊ ပန်းအိုးနဲ့ အပင်တွေကို ယူဆောင်ရင် ဖြစ်စေ၊ ပျက်ဆီးစေခဲ့ရင်ဖြစ်စေ ဒဏ်ငွေကျပ်ငါးသောင်းမှ တစ်သိန်းအထိ ပေးဆောင်ရပါတော့မယ်။ မြို့တော်နယ်နိမိတ်မှာရှိတဲ့ လမ်းနဲ့စင်္ကြံများပေါ်မှာ အညစ်အကြေးစွန့်တာမျိုး၊ ရေချိုးအဝတ်လှန်းတာမျိုးနဲ့ ဆော့ကစားခြင်းများ ပြုလုပ်ပါက ဒဏ်ငွေငါးသောင်းမှ တစ်သိန်းအထိပေးဆောင်ရမှာပါ။ လမ်းပေါ်မှာ အပေါ့စွန့်သူ ကွမ်းတံတွေးထွေးသူများနဲ့ ဘောလုံးကစားသူများ သတိထားရမှာဖြစ်သလို၊ အများပြည်သူဆိုင်ရာလမ်းပေါ်မှာ အကြောင်းမဲ့ ကြာမြင့်စွာ ယာဉ်ရပ်တန့်ခြင်း၊ ပြုပြင်ထားခြင်းရှိခဲ့ရင် ဒဏ်ငွေတစ်သိန်းပေးဆောင်ရမှာပါ။

အများပြည်သူသွားလမ်း၊ စင်္ကြံအပေါ် အုပ်မိုးလို့ဖြစ်စေ၊ အစွန်းထွက်၍ဖြစ်စေ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဈေးဆိုင်ဖွင့်လှစ်ရောင်းချခြင်း ပြုလုပ်ပါက ဒဏ်ငွေတစ်သိန်းမှ ငါးသိန်းအထိ ပေးဆောင်ရမှာဖြစ်သလို ဆက်လက်ကျူးလွန်နေခဲ့ရင်လည်း ထောင်ဒဏ် ၃ လအထိ ကျခံရမှာဖြစ်ပါတယ်။ မြို့တော်နယ်နိမိတ်အတွင်း မြေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုနဲ့ အသံညစ်ညမ်းမှု စတဲ့ ပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့လုပ်ငန်းတွေ လုပ်ကိုင်ရင်လည်း ဒဏ်ငွေတစ်သိန်းမှ ငါးသိန်းဖြစ်စေ၊ ထောင်ဒဏ်သုံးလအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ အသိပေးကာလဖြစ်တာကြောင့် ပညာပေးမှု အသိပေးမှုတွေသာ ပြုလုပ်နေပါတယ်။ နောက်ပိုင်းကာလများမှာ မြို့တော်သူ မြို့တော်သားတွေအနေနဲ့ စားသတိ၊ သွားသတိ၊ လာသတိရှိဖို့ လိုအပ်နေပါပြီဖြစ်ကြောင်း အသိပေးတင်ပြလိုက်ရပါတယ်။

**မြန်မာ့ဒီမိုကရေစီရေး ကူညီသူ လွှတ်တော်အမတ်ကွယ်လွန်**

အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းဟာ မြန်မာနိုင်ငံအရေးနဲ့ စိမ်းသူမဟုတ်ပါဘူး။ မြန်မာ့ဒီမိုကရေစီရရှိရေးအတွက် ဦးဆောင်လှုပ်ရှားပေးခဲ့တဲ့ အထက်လွှတ်တော်အမတ်တစ်ယောက်လည်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်မှာ တစ်ကြိမ် မြန်မာနိုင်ငံဆီ ရောက်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

အခုတော့ ဂျွန်မက်ကိန်းတစ်ယောက် ဩဂုတ်လ ၂၅ ရက်နေ့မှာ ဦးနှောက်ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါပြီ။ ကွယ်လွန်ချိန်မှာတော့ အသက်(၈၁)နှစ်ရှိပြီး လွှတ်တော်အမတ်တာဝန်တွေကိုလည်း (၃၅)နှစ်ကြာ ထမ်းဆောင်နိုင်ခဲ့သူ ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်မှာ အောက်လွှတ်တော်အမတ်အဖြစ် အရွေးခံရပြီး ၁၉၈၇ ခုနှစ်မှာတော့ အထက်လွှတ်တော်အမတ် ဖြစ်လာခဲ့ပါတယ်။ ငယ်စဉ်ကတည်းက အမေရိကန်ရေတပ်သိပ္ပံသို့ တက်ရောက်ခဲ့ရုံမက ဗီယမ်နမ်စစ်ပွဲမှာ ပါဝင်ခဲ့သလို စစ်အကျဉ်းသားအဖြစ် ဗီယက်နမ်မှာ ငါးနှစ်ခွဲကြာ နေထိုင်ခဲ့ရသူလည်း ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ၂၀၁၅ ခုနှစ်က စတင်ပြီး အထက်လွှတ်တော်ရဲ့ လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာလည်း သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။




**အမိန့်ချရက် ရွှေ့ဆိုင်းလိုက်တဲ့ သတင်းသမားနှစ်ဦး။ ဘူးသီးတောင်ဘက်က WY စိတ်ကြွဆေးပြား တစ်သန်းကျော်**

ရိုက်တာသတင်းထောက်နှစ်ဦးဖြစ်ကြတဲ့ ကိုဝလုံးနဲ့ ကိုကျော်စိုးဦးတို့ဟာ နိုင်ငံတော် လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မနဲ့ ထိန်းသိမ်းခံထားရပြီး ရှစ်လကျော်ကြာ တရားရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဩဂုတ်လ ၂၇ ရက်နေ့မှာ အပြီးသတ် အမိန့်ချမယ်ဆိုလို့ သတင်းဌာနတွေက စိတ်ဝင်တစား စောင့်ကြည့်နေခဲ့ပါတယ်။ တကယ်လို့များ တရားရုံးက အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်ချရင်တော့ ထောင်ဒဏ်(၁၄)နှစ်အထိ ချနိုင်တဲ့ပုဒ်မမျိုးဖြစ်နေတယ်လို့ လေ့လာသူတွေက သုံးသပ်ကြပါတယ်။ ဩဂုတ်လ ၂၇ ရက်မှာ အပြီးသတ်အမိန့်ချမယ်လို့ တရားသူကြီးက ပြောခဲ့ပေမဲ့ တကယ်တမ်း အမိန့်မချဖြစ်ဘဲ စက်တင်ဘာ ၃ ရက်နေ့ကို ပြန်လည်ချိန်းဆို လိုက်ပါတယ်။

ထပ်ပြီး အသိပေးချင်တဲ့သတင်းကတော့ ရခိုင်ပြည်နယ်ဘက်ဆီမှာ ဖမ်းဆီးရရှိတဲ့ မူးယစ်ဆေးပြားသတင်းပဲ ဖြစ်ပါတယ်။ WY စိတ်ကြွဆေးပြား ၁ သန်းကျော်ကို ဘူးသီးတောင်မြို့မှာ ဖမ်းဆီးရရှိခဲ့ပါတယ်။ ဩဂုတ်လ ၂၅ ရက် စနေနေ့မှာ ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက်၊ မြို့အဝင်အထွက် စစ်ဆေးရေးဂိတ်ကနေ စစ်ဆေးဖမ်းဆီးခဲ့တာပါ။ မူးယစ်ဆေးပြားတွေ သယ်ဆောင်လာတဲ့ ကားပေါ်မှာ ယာဉ်မောင်းအပါအဝင် နှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားပါတယ်။ ဖမ်းမိတဲ့အနေအထားအရတော့ ပိုင်ရှင်မဲ့ဖြစ်မဲ့ကိန်းမရှိတော့ပါဘူး။ ဖမ်းဆီးရရှိတဲ့ စိတ်ကြွဆေးပြားတန်ဖိုးဟာ ငွေကျပ် သိန်း ၄ သောင်းကျော်တန်ဖိုးရှိတယ်လို့ သတင်းတွေအရ သိရပါတယ်။

**ထိုင်း-မြန်မာနယ်စပ်က ဒုက္ခသည်တွေ ပြည်တော်ပြန်နိုင်**

ခေတ်အဆက်ဆက်မှာ ဖြစ်ပွားနေခဲ့တဲ့ နှစ်ဖက်တိုက်ပွဲတွေကြောင့်ပဲ တိုင်းရင်းသား အများစုဟာ နေရင်းဒေသကို စွန့်ခွာပြီး နယ်စပ်တွေဆီ ခိုလှုံခဲ့ကြပါတယ်။ ထိုင်း-မြန်မာနယ်စပ်မှာလည်း စစ်ပြေးရှောင်ဒုက္ခသည်စခန်းတွေ ရှိနေခဲ့ပါတယ်။ တိုင်းရင်းသားအများစုဟာ စစ်တလင်းမှာ မြေဇာပင်အဖြစ်မခံဘဲ ဘေးလွတ်ရာလွတ်ကြောင်း ရှာကြံရင်းက ဒုက္ခတွေရောက်ခဲ့ကြပါတယ်။ သက်ကြီးရွယ်အိုတွေသာမက ငယ်ရွယ်တဲ့ကလေးတွေလည်း တိုက်ပွဲတွေရဲ့ဒဏ်ကို ခံစားခဲ့ကြရပါတယ်။

ထိုင်း-မြန်မာနယ်စပ်က ဒုက္ခသည်စခန်းတွေမှာ နေထိုင်နေကြတဲ့ မြန်မာဒုက္ခသည်တွေထဲက ပြန်လာလိုသူတွေကို လာမဲ့ အောက်တိုဘာလအတွင်းမှာ မြန်မာဘက်က ပြန်လည်ခေါ်ယူမယ်လို့ နှစ်နိုင်ငံအစိုးရအကြား သဘောတူညီမှုရထားပါပြီ။ “မိမိဆန္ဒအလျောက်ပြန်ချင်သူတွေကို ဦးစား ပေးတယ်။ တကယ်ပြန်ချင်တဲ့သူတွေ စာရင်းပေးလို့ရတယ်။ မိုးကင်းတဲ့ အောက်တိုဘာဝန်းကျင်လောက်မှာ ဖြစ်နိုင်လိမ့်မယ်ထင်တယ်”လို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံမှူးကြီး ဦးအောင်ကျော်သူရသူ ပြောဆိုလိုက်ကြောင်း သတင်းတွေက ဆိုပါတယ်။ နေရပ်ပြန်ဖို့စာရင်းပေးထားတဲ့ ဒုက္ခသည်အရေအတွက်ဟာ ၃၀၀ ကျော်ရှိနေတယ်လို့ ဆိုပါတယ်။

ဒီလိုဒုက္ခသည်စခန်းမှာ နေထိုင်ကြသူတွေထဲက ပြန်လာချင်သူတွေကို ပြန်လည်လက်ခံပေးနေတာ သုံးကြိမ်မြောက်ရှိနေပြီဖြစ်ပါတယ်။

**အမေရိကန်နိုင်ငံ ဖလော်ရီဒါမှာ ပစ်ခတ်မှုဖြစ်ပြန်ပြီ**

ဖလော်ရီဒါပြည်နယ် Jacksonville မြို့လယ်ခေါင်မှာ သေနတ်သံတွေကြားရပြီး လူအသေအပျောက် ရှိခဲ့တယ်လို့ ဩဂုတ် ၂၇ ရက်နေ့ သတင်းတွေအရ သိရပါတယ်။

အခင်းဖြစ်ပွားခဲ့တဲ့နေရာဟာ ကုန်တိုက်ထဲက အွန်လိုင်းဂိမ်းပြိုင်ပွဲတစ်ခု လုပ်နေချိန်အတွင်းမှာ သေနတ်သံတွေ ထွက်ပေါ်ခဲ့တာပါ။ ဂိမ်းပြိုင်ပွဲကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပြသနေချိန်လည်း ဖြစ်တယ်လို့ သတင်းတွေက ဆိုပါတယ်။ သေနတ်သံတွေကြားလိုက်ရတာနဲ့ ပြိုင်ပွဲဝင်နေတဲ့ ဂိမ်းကစားသူတွေကြောက်လန့်တကြား ဖြစ်ပြီး အော်ဟစ်သံတွေနဲ့အတူ တိုက်ရိုက် ထုတ်လွှင့်မှုဟာလည်း ရပ်ဆိုင်းသွားခဲ့ရပါတယ်။

အစောပိုင်းရခဲ့တဲ့ သတင်းတွေအရတော့ သေဆုံးသူလေးယောက်ခန့်ရှိပြီး ဒဏ်ရာရတဲ့ ဆယ့်တစ်ယောက်ကိုတော့ ဆေးရုံဆီခေါ်သွားတယ်လို့ ပြောဆိုကြပါတယ်။

ရဲအရာရှိ ပြောကြားတာကတော့ သေနတ်နဲ့ပစ်ခတ်တဲ့သူဟာ တစ်ကိုယ်တော်လုပ်ခဲ့တာဖြစ်ပြီး လူဖြူတစ်ယောက်ဖြစ်ကြောင်းနဲ့ သူဟာ သေဆုံးသွားတဲ့သူတွေထဲမှာ ပါသွားတယ်လို့ ပြောဆိုပါတယ်။ ဩဂုတ် ၂၇ ရက်သတင်းတွေအရတော့ သေဆုံးသူအရေအတွက်ကို အတိအကျပြောဖို့ ရဲများက ငြင်းဆိုထားပါတယ်။ အခင်းဖြစ်တဲ့နေရာကို ရှင်းလင်းပြီးကြောင်းနဲ့ လုံခြုံရေးတွေ ချထားပြီးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲမှာ ရဲအရာရှိတွေက ပြောဆိုပါတယ်။

ဖေဖော်ဝါရီလတုန်းကလည်း အထက်တန်းကျောင်းတစ်ခုမှာ သေနတ်သမားရဲ့ ပစ်ခတ်မှုကြောင့် လူပေါင်း(၁၇)ဦးအထိ သေဆုံးခဲ့ရပါသေးတယ်။

မောင်ဝေအေး

